မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၉၀)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

၂၀၁၃ ခုနှစ်၊ ဧပြီ ၈ ရက်၊ တနင်္လာနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟိုင်နန်ပြည်နယ်၌ ကျင်းပသည့် ဘိုအောဖိုရမ်အစည်းအဝေး (Boao Forum For Asia Annual Conference 2013) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အာရှဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မည်

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောမြို့၌ ကျင်းပသည့် ဘိုအောဖိုရမ်အစည်းအဝေး (Boao Forum For Asia Annual Conference 2013) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်နှစ်ပတ်လည် အစည်းအဝေး ၂၀၁၃ အနေဖြင့် နိုင်ငံအားလုံးနှင့် နိုင်ငံသားအားလုံးတို့၏ အခြေခံကျသည့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အမြင်၊ မဟာဗျူဟာများနှင့် အောင်မြင်နိုင်မည့် နည်းလမ်းများကို ရှာဖွေအကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုသည့် စန်းယမြို့မှ ဘိုအောမြို့ရှိ Boao International Conference Center သို့ မော်တော်ယာဉ်ဖြင့်ရောက်ရှိပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် Convention Hall ၌ ကျင်းပသည့် ဘိုအောဖိုရမ်အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အာရှဘိုအောဖိုရမ်အမှုဆောင်ဘုတ်အဖွဲ့ ဥက္ကဋ္ဌနှင့်ဘုတ်အဖွဲ့ဝင်များ၊ ဟိုင်နန်ပြည်နယ် ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးသန်းဌေး၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်နှင့် တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးတို့လည်း တက်ရောက်ကြသည်။

အခမ်းအနားတွင် အာရှဘိုအောဖိုရမ်အမှုဆောင်ဘုတ်အဖွဲ့ဥက္ကဋ္ဌ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာယာဆူအိုဖူကူဒါက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် စူလ်တန်ဟာဂျီဟာဆာနာဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာနှင့် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ Mr.Nursultan Nazarbayev တို့က အဖွင့်မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ်

စာမျက်နှာ ၈ ကော်လံ ၁ ◆

မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးပေါ် ဖုန်းနံပါတ်များနှင့် ပြည်သူတို့၏ နစ်နာချက်များတိုင်ကြားနိုင်သော ဖုန်းနံပါတ်များ ထုတ်ပြန်

နေပြည်တော် ဧပြီ ၇

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်သူတို့၏ လုံခြုံရေးအား ကူညီဆောင်ရွက်ရန်နှင့် ပြည်သူလူထုမှ ပူးပေါင်းကူညီရန်အတွက် ထူးခြားဖြစ်စဉ်သတင်းများ၊ ပြည်သူလူထု၏နစ်နာချက်များ၊ ရဲတပ်ဖွဲ့များ၏ ဥပဒေနှင့် ညီညွတ်မှုမရှိသော ဆောင်ရွက်ချက်များ၊ လုပ်ပိုင်ခွင့် အလွဲသုံးစားပြုလုပ်မှုများ၊ အဂတိလိုက်စားမှုများနှင့်ပတ်သက်၍ တိုင်ကြားနိုင်ရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များတွင် အရေးပေါ် Hot Line ဖုန်းနံပါတ် ၁၉၉ တယ်လီဖုန်းများ၊ အော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးထားကြောင်း သိရှိရသည်။

အဆိုပါ ဖုန်းနံပါတ်များအား အများပြည်သူတို့ သိရှိဆက်သွယ်နိုင်ကြောင်းနှင့် ၎င်းဖုန်းများသို့ ဆူပူမှု၊ နှောင့်ယှက်မှုများ မပြုလုပ်ကြပါရန်လည်း မေတ္တာရပ်ခံထားကြောင်း။

အရေးပေါ် Hot Line တယ်လီဖုန်းအမှတ် ၁၉၉ တပ်ဆင်ထားသော ရဲတပ်ဖွဲ့များမှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော် ရဲတပ်ဖွဲ့၊ ကချင်၊ ကယား၊ ကရင် ၊ချင်း၊ မွန်၊

စာမျက်နှာ ၈ ကော်လံ ၅ ❐

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကမ္ဘာ့ရွာကြီးထဲက မြန်မာ

အိုင်တီနည်းပညာခေတ်ကြီးတွင် နည်းပညာများတိုးတက်လာသည့်အလျောက် ကမ္ဘာအရှေ့ခြမ်းနှင့် အနောက်ခြမ်း၊ တောင်ခြမ်းနှင့် မြောက်ခြမ်းတို့သည် ပထဝီအနေအထားအရ ဝေးကွာကြမည်ဖြစ်သော်လည်း အဖြစ်အပျက်အခြင်းအရာတို့တွင် မဝေးကြတော့။ အကြောင်းသည်ကား အိုင်တီနည်းပညာများ ကမ္ဘာနှင့်အဝန်း တိုးတက်လာခြင်းကြောင့်ပေတည်း။

အိုင်တီနည်းပညာများ၏ကျေးဇူးကြောင့် ရွာတစ်ရွာအတွင်း ဖြစ်ပျက်သောအကြောင်းအရာများ တစ်ရွာလုံးကသိကြသကဲ့သို့ ကမ္ဘာကြီးအတွင်း နေ့စဉ်နှင့်အမျှ ဖြစ်ပျက်နေသည့် အကြောင်းအချင်းအရာများကိုလည်း ကမ္ဘာ့ဒေသအသီးသီးက သိရှိလာနိုင်ကြပေပြီ။ ထို့ကြောင့်လည်း ကမ္ဘာကြီးသည် ဒေသတစ်ခုနှင့်တစ်ခု၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရေခြားမြေခြားဖြစ်လင့်ကစား ရွာကြီးတစ်ရွာကဲ့သို့ ဖြစ်လာရပေသည်။ ဤသည်ကို အိုင်တီလောကသားတို့က ကမ္ဘာ့ရွာကြီးဟု တင်စားသမုပြုလာကြရတော့သည်။

ထိုကမ္ဘာ့ရွာကြီးထဲတွင် ကျွန်ုပ်တို့မြန်မာနိုင်ငံလည်း ပါဝင်လာခဲ့ပေပြီ။ အကြောင်းသည်ကား မကြာမီ SIM ကတ်များကို ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချပေးတော့မည်ဆိုသော သတင်းကြောင့်ပင်ဖြစ်၏။ မှန်ပါသည်။ SIM ကတ်များကို လူတိုင်းဝယ်ယူသုံးစွဲနိုင်သည့်အနေအထားကြောင့် မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းသုံးစွဲမှုမှာလည်း တစ်ဟုန်ထိုးမြင့်တက်လာမည်ဖြစ်ပါသည်။ မိုဘိုင်းဖုန်းများတွင် အင်တာနက်လိုင်းများ ချိတ်ဆက် အသုံးပြုနေကြသည့်အလျောက် အွန်လိုင်းသုံးစွဲသူအရေအတွက်မှာလည်း လျင်မြန်စွာတိုးတက်လာမည်ဖြစ်ပါသည်။

မိုဘိုင်းဖုန်းကိုယ်စီဖြင့် အင်တာနက်၊ အွန်လိုင်းသုံးစွဲကြမည့် လူငယ်လူရွယ်များ တိုးပွားလာပေဦးမည်။ မြို့ကြီးများသာမက ကျေးလက်လယ်သမားများလည်း လယ်ထွန်သွားရင်း ဟန်းဖုန်းချိတ်သွားမည်၊ စိုက်ပျိုးရေးပြဿနာများကို ဖုန်းဖြင့်မေးနိုင်မည်၊ စိုက်ပျိုးထုတ်ကုန်တို့၏ ကုန်စည်ဈေးကွက်တို့ကို ဖုန်းဖြင့် စနည်းနာနိုင်မည်တို့ကို မြင်ယောင်မိပါသည်။ ကမ္ဘာကြီးအတွင်း နာရီစက္ကန့်မခြား ဖြစ်ပျက်နေသော အကြောင်းအရာများကိုလည်း ကိုယ်ပိုင်မိုဘိုင်းဖုန်းများမှတစ်ဆင့် ကြည့်ရှုနိုင်ကြတော့မည်။ ဗဟုသုတများ တိုးပွားကြပေဦးမည်။ ထို့ကြောင့် ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း အိုင်တီခေတ်တွင် နောက်ကျမကျန်ရစ်ဘဲ ကမ္ဘာ့နိုင်ငံများနှင့်အတူ မိုဘိုင်းဖုန်းများသုံးစွဲလာနိုင်တော့မည်ဖြစ်၍ ''ကမ္ဘာ့ရွာကြီးထဲက မြန်မာ''ဖြစ်လာတော့မည်ဖြစ်ပါကြောင်း။ ။

ရခိုင်ပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် ဧပြီ ၇

ပထမအကြိမ် ရခိုင်ပြည်နယ် လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဧပြီ ၅ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းမေးမြန်းဖြေကြားခြင်းနှင့် ၂၀၁၃ ခုနှစ် ပြည်နယ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ (မူကြမ်း)၏ မူနှင့် အခြေခံသဘောများကို ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဗီယက်နမ်နိုင်ငံမှ တည်ဆောက်နေသည့် စီမံကိန်း ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၇

ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဧပြီ ၅ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ ဗီယက်နမ်နိုင်ငံ Hoang Anh Gia Lai Myanmar Co.,Ltd. မှ တည်ဆောက်လျက်ရှိသော Hoang Anh Gia Lai Myanmar Center စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့တွင် ဟိုတယ်အခန်းများ၊ စီးပွားရေးအဆောက်အအုံများနှင့် လူနေအိမ်ခန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းတစ်ရပ်ဖြစ်၍ စီမံကိန်းကို သတ်မှတ်ကာလများအတွင်း ပြီးစီးအောင် တည်ဆောက်သွားရန်နှင့် စီမံကိန်းအချိန်မီပြီးစီးရေးအတွက် အခြားလိုအပ်ချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန် စီမံကိန်းအတွက် ရေလိုအပ်ချက်၊ လျှပ်စစ်မီးလိုအပ်ချက်များနှင့် ကျွမ်းကျင်လုပ်သားများ ခန့်ထားရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းမှာကြားသည်။

တည်ဆောက်သွားမည်

အဆိုပါစီမံကိန်းကို ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ထားသော Hoang Anh Gia Lai Myanmar Co.,Ltd. ၏ ကနဦးမတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး စီမံကိန်းကို အဆင့် နှစ်ဆင့်ဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး အဆင့် (၁) ကို ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်၊ စီးပွားရေးအဆောက်အအုံ၊ ရုံးခန်းများပါဝင်၍ ၂၀၁၆ ခုနှစ်တွင်လည်းကောင်း အဆင့်(၂)ကို စီးပွားရေးအဆောက်အအုံ၊ ရုံးခန်းများနှင့် Servical Apatrment များ ပါဝင်၍ ၂၀၁၉ ခုနှစ်တွင်လည်းကောင်း ပြီးစီးအောင်တည်ဆောက်ဖွင့်လှစ်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ဝေးမြို့နယ် ၉ လမ်း ကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် ဧပြီ ၇

နေပြည်တော် လယ်ဝေးမြို့ မြို့သစ် ၉ လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၆ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် ဦးမြင့်ဆွေ၊ လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းနှင့် ဦးမှတ်ကြီး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံများ တက်ရောက်ကြသည်။ အစီအစဉ်အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ညွှန်ကြားရေးမှူး(အင်/ယာ) ဦးအောင်မိုးက လမ်းသစ်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ ဦးသိန်းတိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး မြို့သစ် ၉ လမ်း ကတ္တရာလမ်းသစ်ကို နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဦးကျော်မြင့်နှင့် လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းသည် မူလက ကတ္တရာလမ်းနှင့် ကျောက်ချောလမ်းဖြစ်ပြီး လမ်းသားများ ပျက်စီးနေသဖြင့် အရှည်ပေ ၁၈၀၀ ငွေကျပ် ၃၄၈ သိန်း အကုန်အကျခံ၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ရပ်ကွက်နေပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာဖြင့် ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

နှစ်ထပ်ကျောင်းဆောင်သစ် ပန္နက်တင်

ကျိုင်းတုံ ဧပြီ ၇

ကျိုင်းတုံမြို့ စွမ်ဆပ်ကုန်း ရပ်တော်မူဘုရားကုန်းပေါ်တွင် တည်ရှိသော ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၌ မတ် ၄ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က စာသင်စာချကျောင်းနှင့် ဆွမ်းစားကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ပန္နက်တင်အခမ်းအနားကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ပြီး အလှူငွေများပေးအပ်ကာ သံဃာတော်များအား ဆွမ်းများကပ်လှူပူဇော်ခဲ့ကြသည်။ **(ကျိုင်းတုံ ပြန်/ဆက်)**

ဒုတိယသမ္မတ ဦးညွန့်ထွန်း ရွက်လှေအဖွဲ့ချုပ်နှင့် မြောင်းမြစက်မှုဇုန် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအေးမြင့်၊ ဦးတင့်ဆန်းနှင့် ဦးကျော်လွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းသန်း၊ ဦးဟံစိန်၊ ဦးအောင်သန်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက်ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရွက်လှေပြိုင်ပွဲကျင်းပမည့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်နေရာနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များကို ကြည့်ရှုစစ်ဆေးရန်အတွက် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် မြန်မာလေကြောင်းခရီးစဉ်ဖြင့် နေပြည်တော်မှ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ရောက်ရှိသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်အဖွဲ့ဝင်များအား ပုသိမ်လေဆိပ်၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ပုသိမ်မြို့မှ ငွေဆောင်ကမ်းခြေသို့ တပ်မတော် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် SEA Games အကြို အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ ကျင်းပနေသည့် ကမ်းခြေသို့ရောက်ရှိကြပြီး ပြိုင်ပွဲဝင် မြန်မာအားကစားမောင်မယ်များအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရွက်လှေပြိုင်ပွဲများ ကျင်းပနေသည့် ပင်လယ်ပြင်အတွင်း သွားရောက်ကြည့်ရှုအားပေးပြီး ငွေဆောင်ကမ်းခြေရှိ Yacht Club ရှင်းလင်းဆောင်၌ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌက ရွက်လှေအားကစားရှင်သန်တိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပံ့ပိုးဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်

ထို့နောက် ဒုတိယသမ္မတက အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွက်လှေပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်ချက်များအား လမ်းညွှန်မှာကြားခဲ့ပြီး မြောင်းမြမြို့သို့ ဆက်လက်ထွက်ခွာသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြောင်းမြဂုန်နီစက်ရုံ ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ မြို့မိမြို့ဖများနှင့် စက်မှုလုပ်ငန်းရှင်များက မြောင်းမြစက်မှုဇုန်နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပံ့ပိုးဖြည့်ဆည်းပေးသွားမည့်အခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် မော်တော်ယာဉ်ဖြင့် မြောင်းမြမြို့ စက်မှုဇုန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြောင်းမြမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးညွန့်ထွန်း SEA Games အကြို အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲဝင် မြန်မာအားကစားမောင်မယ်များအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် ကကြိုး၊ ကကွက်များဆိုင်ရာ ဆင့်ပွားနည်းပြသင်တန်းဆင်း

နေပြည်တော် ဧပြီ ၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော ကကြိုး၊ ကကွက်များဆိုင်ရာ ဆင့်ပွားနည်းပြသင်တန်းအမှတ်စဉ်(၁/၂၀၁၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် **(ဝဲပုံ)**၊ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းနှင့် ရဲမှူးကြီး အောင်မြတ်မိုးတို့က သင်တန်းတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများကို ပေးအပ် ချီးမြှင့်ကြပြီး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက သင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို သင်တန်းသား သင်တန်းသူများကိုယ်စား တာဝန်ရှိသူများထံ ပေးအပ်သည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

သတင်းအချက်အလက်နှင့် သုတေသနလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးစေရေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်နိုင်ရေးအပေါ် မူတည်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ အောင်မြင်ရန် အရင်းအနှီးနှင့်နည်းပညာများရရှိမှုသည် အရေးကြီးသည့်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကြောင့် ပြည်တွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ထိခိုက်နစ်နာမှုမရှိစေရန်နှင့် ၂၀၁၅ ခုနှစ် အာဆီယံ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အရ စီးဝင်လာမည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန် ထုတ်လုပ်မှုအရည်အသွေးများ မြင့်မားတိုးတက်လာရေးအတွက် မူဝါဒများချမှတ်ကာ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ပြန်လည်ရောက်ရှိ

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပုသိမ်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြပြီး မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဖွားသွေးချင်းများ တားဆီးကာကွယ်မီးရန်စွယ်

LET'S GO TO BALI BEACH

BALI ကျွန်းသို့သွားရမည့်ကံထူးရှင်များ

	အမည်	ကူပွန်နံပါတ်	မှတ်ပုံတင်အမှတ်
1st Prize	ဦးအောင်နိုင်စိုး	086315	၇/ခဥန(နိုင်)၀၀၁၅၇၄
2nd Prize	ဦးကြည်မင်း	009851	၁၂/သလန(နိုင်)၀၀၂၂၈၃
3rd Prize	ဘွမ်ခန်အောင်	085596	၁၂/အစန(နိုင်)၂၁၄၃၆၈
4th Prize	ကိုစိုးဂုဏ်ရောင်လင်း	011337	၁၂/အစန(နိုင်)၀၉၃၄၉၈
5th Prize	ဦးသိန်းလွင်	057612	၁၂/ဥကမ(နိုင်)၀၂၂၆၄
6th Prize	ဦးခင်မောင်ရှင်	042887	၁၂/အစန(နိုင်)၀၀၄၁၈၈
7th Prize	မဖိလေးညွန့်	018107	၁၂/ဗဟန(နိုင်)၀၂၈၉၉၀
8th Prize	ဦးတင်မောင်စိုး	084002	၁၂/သဃက(နိုင်)၀၀၆၇၉၄
9th Prize	ဦးခင်မောင်ဝင်း	022815	၃/တဆက(နိုင်)၀၂၇၂၂၀
10th Prize	မနန်းရီရီဝင်း	123206	၁၃/လရန(နိုင်)၁၂၆၉၇၄

Junction Centre

စိန်ပတ်လယ်စိန်ဆိုင်မှ ချီးမြှင့်သော (၈)သိန်းတန် Diamond Locket ကံထူးရှင်

	11th Prize	ဦးအောင်နိုင်	010523	KLA - ၀၃၀၄၈၈
32" 3D LED TV ကံထူးရှင်	12th Prize	ဦးမြင့်ဇေ	098100	၄/နထက(နိုင်)၀၀၅၆၈၄
စရဲစ်သေတ္တာကံထူးရှင်	13th Prize	ဦးအောင်စံထွန်း	020066	၁၀/ဖပန(နိုင်)၀၅၂၇၄၄
GSM Sim Card + Handset ကံထူးရှင်များ	14th Prize	မနှင်းအင်္ဂလီဦး	052725	၁၂/ကမရ(နိုင်)၀၅၈၈၆၅
	15th Prize	ကိုထွေးကိုကို	003765	၉/မခန(နိုင်)၁၂၈၀၃၉
	16th Prize	မခင်သန္တာနီ	068935	၁၂/ဥကတ(နိုင်)၀၀၀၃၉၇
	17th Prize	မအေးသန္တာဇေ	092364	၉/ပမန(နိုင်)၁၅၈၂၀၀
	18th Prize	မဇာဇာစိုး	097052	၉/တပတ(နိုင်)၁၄၁၆၆၆
	19th Prize	မသီတာအေးဝင်း	079797	၁၂/မရက(နိုင်)၀၁၁၁၆၈
	20th Prize	မသဇင်နိုင်	133279	၁၂/ရကန(နိုင်)၀၀၁၀၈၅
Sky Net Receiver ကံထူးရှင်	21st Prize	မစုမွန်မြ	040004	၁၂/သဃက(နိုင်)၁၆၄၆၄၂

Let's Go To Bali Beach lucky draw ကံထူးရှင်များအား ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားပေးသွားမည့်အပြင် Bali Beach ကံထူးသူများအား ၂၀၁၃ မေလအတွင်း ပို့ဆောင်ပေးပါမည်။ ကျန်ဆုမဲများကို ဧပြီလ(၈)ရက်နေ့မှ မေလ(၃၁)ရက်နေ့အထိ ရုံးချိန်အတွင်း Junction Centre ရုံးချုပ်အဆောက်အအုံ(မြေညီထပ်)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။ ကံစမ်းမဲကံထူးသူများနှင့် ပတ်သက်၍ သတ်မှတ်ရက်ကျော်လွန်သွားသော ကံစမ်းမဲများအား ဆုလက်ဆောင်ထုတ်ပေးမည် မဟုတ်ပါ။ Terms & Conditions စည်းမျဉ်း စည်းကမ်းနှင့်မကိုက်ညီသော၊ မမှန်ကန်သော၊ ပျောက်ဆုံးပျက်စီးသွားသော Lucky draw လက်မှတ်ကံစမ်းမဲကူပွန်များကို ကံစမ်းမဲပေးရန် ထည့်သွင်းရန်အတွက် Centre Management မှ လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

နိုင်ငံတကာသတင်း

တမ်မန်ဆာလမ်ကို လက်ဘနွန်ဝန်ကြီးချုပ်ခန့်အပ်

ဘေရွတ် မေ ၇

လက်ဘနွန်ယဉ်ကျေးမှုဝန်ကြီးဟောင်း တမ်မန်ဆာလမ်ကို နှစ်ရက်ကြာပါလီမန်ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် မေ ၆ ရက်တွင် လက်ဘနွန်ဝန်ကြီးချုပ်အသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း မေ ၇ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဆာလမ်သည် အစိုးရအသစ်တစ်ရပ်ကို ဦးဆောင်ရန် ညီညွတ်သည့် ထောက်ခံမှုဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ ၎င်းသည်အဆိုပါနေရာကို တာဝန်ယူရန် ဥပဒေပြုအမတ်

သူ ၁၂၈ ဦးက ထောက်ခံမဲပေါင်း ၁၂၄ မဲရရှိခဲ့ကြောင်း LBCI ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သည်။

ကြေညာ

သမ္မတမစ်ချယ်လ်ဆူလီမန်က မေ ၆ ရက်မွန်းလွဲပိုင်းက Baabda နန်းတော်၌ကျင်းပခဲ့သည့် ဆွေးနွေးမှုပြီးနောက် အဆိုပါ တရားဝင်ခန့်အပ်မှုကို သမ္မတရုံးက ကြေညာခဲ့ခြင်းဖြစ်သည်။

အမျိုးသားအကျိုးစီးပွားကို အောင်မြင်စေမှုရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၁၉၉၆ ခုနှစ် နှင့် ၂၀၀၉ ခုနှစ်တို့တွင် ပါလီမန်သို့ နှစ်ကြိမ်ဝင်ရောက်ရွေးချယ်ခံခဲ့သူ ဆာလမ်က ပြောကြားသည်။ ၎င်းသည် ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ယဉ်ကျေးမှုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ **(ဆင်ဟွာ)**

အာဖဂန်နစ္စတန်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များ ဗုံးခွဲတိုက်ခိုက်ခံရ

ကဘူးလ် မေ ၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကဘူးလ်ပြည်နယ်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူခြောက်ဦး သေဆုံးခဲ့ရကြောင်း မေ ၇ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ သေဆုံးသူများတွင် သုံးဦးသည် အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်ကြပြီး အာဖဂန်ဆရာဝန်တစ်ဦးနှင့် နေတိုးတပ်ဖွဲ့ဝင်များအားကူညီပေးသူ အရပ်သားတစ်ဦးတို့ဖြစ်ကြသည်။

နေတိုးတပ်ဖွဲ့ဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအထောက်အပံ့တပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)က ယင်းဗုံးပေါက်ကွဲမှုသည် အသေခံဗုံးဖောက်ခွဲသူတစ်ဦးက ဖောက်ခွဲရေး ပစ္စည်းအပြည့်တင်ဆောင်လာသော ကားဖြင့် ဖောက်ခွဲရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အာဖဂန်အရှေ့ပိုင်းတွင်လည်း သောင်းကျန်းသူများ တိုက်ခိုက်မှုကြောင့် အမေရိကန်အရပ်သားတစ်ဦးသေဆုံးခဲ့ရပြီးဖြစ်သည်။

ယခုအချိန်သည် နေတိုးတပ်ဖွဲ့များက အာဖဂန်တပ်ဖွဲ့ဝင်များကို လုံခြုံရေး စစ်ရေးအကူအညီအထောက်အပံ့များ ပေးနေရသော အချိန်ဖြစ်သည်။

အချို့ဒေသများ၌ တပ်ဖွဲ့ဝင်များကို ပြောင်းရွှေ့နေရာချထားပြီးဖြစ်သော်လည်း တပ်ဖွဲ့ဝင်တစ်သိန်းကျော်တို့မှာ အိုင်အက်စ်အေအက်ဖ်အဖွဲ့နှင့်အတူ တာဝန်ထမ်းဆောင်နေရဆဲဖြစ်သည်။ ၎င်းတပ်ဖွဲ့ဝင်များအား ၂၀၁၄ ခုနှစ်အကုန်မှသာ ပြန်လည်ရုပ်သိမ်းမည်ဟု သိရသည်။ **(ဘီဘီစီ)**

မြောက်ကိုရီးယားနှင့် တင်းမာမှုကြောင့် အမေရိကန်ဒုံးကျည်စမ်းသပ်မှု ရွှေ့ဆိုင်း

ဝါရှင်တန် မေ ၇

အမေရိကန်နိုင်ငံအနေဖြင့် လာမည့်သီတင်းပတ်တွင် တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်တစ်ခုစမ်းသပ်ရန် စီစဉ်ထားမှုကို ရွှေ့ဆိုင်းခဲ့ကြောင်း ကာကွယ်ရေးအရာရှိများက မေ ၇ ရက်တွင် ပြောကြားသည်။

ပဋိပက္ခတစ်ခုဖြစ်ပွားစဉ်အတွင်း မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နားလည်မှုလွဲသွားဖွယ်ရှိနိုင်သော စိုးရိမ်မှုများကြောင့် **Minteman 3** ဒုံးကျည်စမ်းသပ်မှုကို ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ကြောင်း ၎င်းအရာရှိများက ပြောကြားသည်။ အဆိုပါဒုံးကျည်စမ်းသပ်မှုကို လာမည့်မေလအထိ ရွှေ့ဆိုင်းသွားဖွယ်ရှိသည်။

သုံးကြိမ်မြောက်နျူကလီးယားစမ်းသပ်မှု လုပ်ဆောင်ခြင်းအတွက် ကုလသမဂ္ဂ၏အရေးယူမှုကို ခံရပြီးကတည်းက မြောက်ကိုရီးယားနိုင်ငံသည် ပြင်းထန်သောခြိမ်းခြောက်မှုများကို ဆက်တိုက်ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားကျွန်းဆွယ်အပေါ် တရားဝင်စစ်ကြေညာပြီး အမေရိကန်နိုင်ငံအပေါ် နျူကလီးယားဖြင့် တိုက်ခိုက်ရန်အတွက် ခြိမ်းခြောက်ခဲ့သည်။ ထို့အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ဖီဆန်ရာတွင် နျူကလီးယားဓာတ်ပေါင်းဖိုတစ်လုံးကို ပြန်လည်ဖွင့်လှစ်မည်ဟု ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက စစ်ပွဲဖြစ်လာခဲ့လျှင် ပြုံယမ်းရှိ ပြည်ပသံရုံးများ၏လုံခြုံရေးကို အာမ မခံနိုင်ဟုလည်း မေ ၅ ရက် က သတိပေးချက်ထုတ်ပြန်ထားသည်။ **(ဘီဘီစီ)**

တင်မောင်လွင်-စုစည်းသည်

အမေရိကန်စစ်ရေးလေ့ကျင့်မှုတွင် ဂျပန်နိုင်ငံ ပူးပေါင်းပါဝင်သွားမည်

တိုကျို မေ ၇

ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့်၎င်း၏ စစ်ရေးခိုင်မာမှုကို တိုးချဲ့သည့်အနေဖြင့် ပထမဆုံးအကြိမ် အမေရိကန်စစ်တပ်နှင့် ပူးပေါင်းလေ့ကျင့်မှုတစ်ရပ်တွင် ပါဝင်ရန် စီစဉ်ထားကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပါဝင်

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ပန်ဒယ်လ်တန်(Pendleton) စစ်စခန်း၌ ကျင်းပသွားမည်ဖြစ်ပြီး ယင်းလေ့ကျင့်မှုတွင် ရဟတ်ယာဉ်များ၊ တိုက်ခိုက်ရေးသင်္ဘောသုံးစင်းနှင့် ထောက်ပံ့ရေးရေယာဉ်တစ်စင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပြောကြား

မိမိတို့အနေဖြင့် ၁၉၈၀ ပြည့်နှစ်ကတည်းက အမေရိကန်နှင့် စစ်ရေးလေ့ကျင့်မှုများကို တိုးမြှင့်ခဲ့ကြောင်း သို့သော်လည်း ယခုစစ်ရေးလေ့ကျင့်မှုသည် ပန်ဒယ်လ်တန်၌ ပထမဆုံးဖြစ်လာမည်ဖြစ်ပြီး မိမိတို့၏ ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များ ပါဝင်သွားမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနမှ အီဆူကိ တာနာဘီက ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

နိုင်ငံတကာသတင်း

ကြိုဆိုရမည့် နိုင်ငံတကာလက်နက်ထိန်းချုပ်ရေးဥပဒေ

လူသားသည် ကျောက်ခေတ်မှစ၍ လက်နက်ကိုတီထွင်စမ်းသပ်ထုတ်လုပ်လာခဲ့ရာ မျက်မှောက်ခေတ်တွင် အစွမ်းအထက်ဆုံး နျူကလီးယား လက်နက်ကိုပင် ထုတ်လုပ်အသုံးပြုလာနိုင်ပြီဖြစ်သည်။ ဓာတုလက်နက်၊ ဇီဝလက်နက်များကိုလည်း တီထွင်ခဲ့သည်။ ထိုလက်နက်များသည် အစွမ်းထက်သည်။ သို့သော် နျူကလီးယားလက်နက်က ထိုလက်နက်များထက် အဆပေါင်းများစွာအစွမ်းထက်သည့်အတွက် အလေးထားဖွယ် သတိပြုရမည့် လက်နက်ဖြစ်သည်။

အီရန်၏နျူကလီးယားအစီအစဉ်၊ မြောက်ကိုရီးယား၏ နျူကလီးယား ခြိမ်းခြောက်မှုတို့သည် နိုင်ငံတကာသတင်းတွင် ရှေ့တန်းမှနေရာယူထားသည့်အလျောက် ကမ္ဘာ့ပြည်သူတို့ကလည်း မျက်ခြည်မပြတ် စောင့်ဖတ်ရသည့်သတင်းများဖြစ်နေရသည်မှာတကယ်တော့ အဆန်းမဟုတ်။ မဟာဗျူဟာမြောက် အစွမ်းထက်လက်နက်များသာလျှင် ကြောက်စရာမဟုတ်။ သမားရိုးကျ လက်နက်များမှာလည်း သတိပြုဖွယ်ဖြစ်သည်။

အဘယ်ကြောင့်ဟူမူ သမားရိုးကျလက်နက်များကြောင့် ကမ္ဘာပေါ်တွင် တစ်မိနစ်လျှင် လူတစ်ဦးကျသေဆုံးနေသည်ကို လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် မဟာဗျူဟာလက်နက်အမျိုးအစားများကဲ့သို့ သမားရိုးကျလက်နက်များအရေးကိုလည်း အလေးထားကိုင်တွယ်ရန် လိုအပ်လာပြီဖြစ်သည်။ ဤအချက်ကို နိုင်ငံတကာ အဓိကရအဖွဲ့ကြီးဖြစ်သည့် ကုလသမဂ္ဂအဖွဲ့ကြီးက အလေးထားကြောင်း ပြသလိုက်ပြီဖြစ်သည်။

နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် အထွေထွေညီလာခံက ထောက်ခံမဲ ၁၅၄မဲ၊ ကန့်ကွက်မဲ သုံးမဲ၊ ကြားနေမဲ ၂၃မဲဖြင့် သမားရိုးကျလက်နက်များ မှောင်ခိုရောင်းဝယ်မှုသဘောတူညီချက်မူကြမ်းကို အတည်ပြုလိုက်သည်။

ကမ္ဘာ့လက်နက်အရောင်းအဝယ်ဈေးကွက်ကို စည်းမျဉ်းစည်းကမ်းများကန့်သတ်ချမှတ်၍ ထိန်းချုပ်ရန် နိုင်ငံတကာစာချုပ်တစ်ခု ဖော်ဆောင်ရေးကို ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၀၆ခုနှစ်တွင် လက်ခံခဲ့ပြီးဖြစ်သည်။ ထိုအစီအစဉ်ကို မူလပထမ၌ အမေရိကန်က ဆန့်ကျင်ခဲ့သော်လည်း ၂၀၀၉ ခုနှစ်တွင် သဘောထားပြောင်းထောက်ခံသဖြင့် ၂၀၁၂ ခုနှစ် ဇူလိုင် ၂ရက်မှ ၂၇ရက်အထိ ကုလသမဂ္ဂဌာနချုပ်တွင် ညီလာခံ၌ ကျင်းပညှိနှိုင်းခဲ့ကြသည်။ အဖွဲ့ဝင် ၁၉၃ နိုင်ငံစလုံးတက်ရောက်ဆွေးနွေးသည်။

ဇူလိုင် ၂၆ ရက်တွင် ဟာကွက်အချို့ရှိသည့် စာချုပ်မူကြမ်းကို ထုတ်ပြန်သည်။ အဖွဲ့ဝင်နိုင်ငံများ ၏ ထောက်ခံမှုရမည်ဟု မျှော်လင့်ခဲ့သေးသည်။ သို့သော် ဇူလိုင် ၂၇ ရက် နံနက်ရောက်သောအခါ ကမ္ဘာပေါ်၌ လက်နက်များထုတ်ရောင်းချနေကြသည့် အမေရိကန်၊ ရုရှားနှင့်တရုတ်စသောနိုင်ငံများက စာချုပ်ပါအချက်အချို့ကို စဉ်းစားဖို့ အချိန်ပိုမိုပေးပါရန် မေတ္တာရပ်ခံလာသည်။ သို့ဖြင့် ညီလာခံပြီးဆုံးသွားပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကမ္ဘာ့လက်နက်ရောင်းဝယ်ရေးထိန်းချုပ်မှုစာချုပ်ကို အတည်မပြုနိုင်သည့်အတွက် စိတ်ပျက်မိကြောင်း ထုတ်ဖော်ပြောကြားသည်။ သို့သော် ယင်းစာချုပ်အတည်ပြုရေးအဖွဲ့ဝင်နိုင်ငံအများအပြားက ဆက်လက်ဆောင်ရွက်ရန် သဘောတူသည့်အတွက် အားတက်မိကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

သူမျှော်မှန်းသည့်အတိုင်း ကုလသမဂ္ဂအထွေထွေညီလာခံက ယင်းစာချုပ်မူကြမ်းကို ထောက်ခံမဲ ၁၅၄ မဲ၊ ကန့်ကွက်မဲ သုံးမဲ၊ ကြားနေမဲ ၂၃ မဲဖြင့် အတည်ပြုနိုင်ခဲ့ပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်လက်နက်အရောင်းအဝယ်ပမာဏမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ နှင့် ၇၀ ကြားတွင် ရှိကြောင်း သိရသည်။ လက်နက်ပုန်းများကြောင့် သေဆုံးသူဦးရေမှာလည်း နှစ်စဉ် ၇၅၀၀၀၀ ရှိသည့်အတွက် ကုလသမဂ္ဂ၏ ဤလုပ်ရပ်မှာ ကြီးမားသော အောင်မြင်မှုတစ်ခုဖြစ်သည်။ ကမ္ဘာတစ်ဝန်းလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်ပဋိပက္ခများ တားမြစ်ရေးကြိုး ပမ်းမှုတွင် ဤနိုင်ငံတကာစာချုပ်ကို နိုင်ငံ ၅၀ က ပြည်တွင်းဥပဒေနှင့် အညီအတည်ပြုလိုက်သည်နှင့် တစ်ပြိုင်နက်ပထမဆုံးသော နိုင်ငံတကာ သမားရိုးကျလက်နက်များ ထိန်းချုပ်ရေးဥပဒေဖြစ်လာမည်ဖြစ်သည်။ ။

မြင့်မြတ်အောင်သူရိန်

ရုရှားစစ်သင်္ဘောအုပ်စု မြေထဲပင်လယ်သို့ စေလွှတ်

ရုရှားနိုင်ငံက စစ်သင်္ဘောအုပ်စုတစ်စုကို ပစိဖိတ်သမုဒ္ဒရာရေပိုင်နက်မှ မြေထဲပင်လယ်သို့ ရေတပ်တာဝန်ထမ်းဆောင်ရန် စေလွှတ်လိုက်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းစစ်သင်္ဘောအုပ်စုတွင် ဖျက်သင်္ဘောနှင့် တိုက်သင်္ဘောများပါဝင်ကြောင်း၊ မြေထဲပင်လယ် စူးအက်တူးမြောင်းဆီသို့ ဦးတည်ထွက်ခွာသွားပြီဖြစ်ကြောင်း ရုရှားစစ်တပ်က ဧပြီ ၅ ရက်တွင် ပြောကြားသည်။ ယင်းရေတပ်အုပ်စုသည် မေလလယ်တွင် စူးအက်တူးမြောင်းထဲဝင်ရောက်ရန် စီစဉ်ထားသည်။

....

အကြမ်းဖက်သမားများ စေလွှတ်ဟု ဆီးရီးယားက တူရကီကို စွပ်စွဲ

တူရကီနိုင်ငံအနေဖြင့် ဆီးရီးယားနိုင်ငံအတွင်းသို့ အကြမ်းဖက်သမားများ စေလွှတ်နေကြောင်း ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်က စွပ်စွဲပြောကြားလိုက်သည်။

တူရကီအစိုးရအနေဖြင့် ဂျော်ဒန်နယ်စပ်မှတစ်ဆင့် အကြမ်းဖက်သမားများ စေလွှတ်နေကြောင်း တူရကီရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းရာတွင် သမ္မတအာဆတ်က ပြောကြားလိုက်သည်။ ဆီးရီးယားနိုင်ငံတွင် ၂၀၁၁ခုနှစ် မတ်လအတွင်း အကြမ်းဖက်မှုဖြစ်ပွားပြီးကတည်းက အကြမ်းဖက်သမားများအား လက်နက်၊ ငွေကြေးနှင့် သင်တန်းများပေးကာ ထောက်ပံ့နေကြောင်း ဒမတ်စကတ်က ပြောကြားသည်။

....

အိုကီနာဝါကျွန်းမြေ အမေရိကန်က ဂျပန်ကို ပြန်ပေးမည်

လက်ရှိအမေရိကန်တပ်ဖွဲ့ဝင်များ အသုံးပြုနေသော အိုကီနာဝါကျွန်းတောင်ပိုင်းရှိ ကာဒေနာလေတပ်အခြေစိုက်စခန်းအနီးရှိ မြေကို ဂျပန်သို့ ပြန်ပေး ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဂျပန်နှင့် အမေရိကန်တို့က ဧပြီ ၅ရက်က ပြောကြားလိုက်သည်။

ယင်းကဲ့သို့ အိုကီနာဝါကျွန်းမြေကို အမေရိကန်က ဂျပန်သို့ ပြန်ပေးလိုက်ခြင်းသည် နှစ်နိုင်ငံစစ်ရေးမဟာမိတ်အဖြစ် ခိုင်မာစေရန်ဖြစ်ကြောင်း အမေရိကန်တို့က ပြောကြားသည်။ အဆိုပါကျွန်းကို ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်တို့က ကျူးကျော်တိုက်ခိုက်ခဲ့ပြီး ယနေ့အထိ စစ်စခန်းအဖြစ် အသုံးပြုထားခြင်းဖြစ်သည်။

မြင့်မောင်စိုး-စုစည်းသည်

ကျန်းမာရေးအတွက် ဆုလာဘ်တစ်ပါး လမ်းခပ်သွက်သွက်လျှောက်လို့သွား

လမ်းသွက်သွက်လျှောက်ပေးခြင်းသည် အပြေးလေ့ကျင့်ခန်းယူခြင်းကဲ့သို့ပင် ကျန်းမာရေးအကျိုးကျေးဇူးရလဒ်ကောင်းများရရှိစေသည်ဟု သုတေသနအသစ်ပြုလုပ်ချက်တစ်ရပ်အရ သိရသည်။

သွေးပေါင်ချိန်တက်ခြင်း၊ ကိုလက်စထရောများပြားခြင်းနှင့် ဆီးချိုရောဂါဖြစ်ပွားမှု ဘေးအန္တရာယ်များကို အပြေးလေ့ကျင့်ခန်းယူခြင်းဖြင့် လျော့ပါးစေနိုင်သကဲ့သို့ပင် လမ်းသွက်သွက်လျှောက်ခြင်းကလည်း ထိုနည်းတူ အကျိုးတူဖြစ်စေပါကြောင်း ကယ်လီဖိုးနီးယားပြည်နယ် ဘာကလေရှိ လောရန့်ဘာကလေး အမျိုးသားဓာတ်ခွဲခန်းမှ သိပ္ပံပညာရှင်များက ဆိုသည်။

"သုတေသနတွေ့ရှိချက်အရ ကျန်းမာရေးရလဒ်ကောင်းတွေရရှိစေဖို့ရာ ဘယ်လောက်အကွာအဝေးအထိ လမ်းလျှောက်ခဲ့တယ်၊ ပြေးခဲ့တယ်ဆိုတာက အဓိကပါ။ အချိန်ဘယ်လောက်ကြာကြာ ပြေးခဲ့တယ်။ လမ်းလျှောက်ခဲ့တယ်ဆိုတာက အဓိကမကျပါဘူး။ လမ်းသွက်သွက်လျှောက်ခြင်း၊ ပြေးခြင်းတို့က တကယ့်ကျန်းမာရေးဆုလာဘ်တစ်ပါးပါပဲ" ပညာရှင်တစ်ဦးဖြစ်သူ ဝီလျံက ပြောကြားသည်။

ဝီလျံ၏အဆိုအရ အချိန်တစ်ချိန်အတွင်း ပုံမှန်လမ်းလျှောက်ခြင်းထက် ထိုအချိန်အတောအတွင်း ပြေးခြင်းသည် မြေပြင်ခရီးတာနှစ်ဆအထိရောက်ကြောင်း၊ ထို့ကြောင့် စွမ်းအင်သုံးစွဲမှု ပိုများသလို သုံးစွဲရသည့် စွမ်းအင်ပမာဏနှင့်အညီ ကျန်းမာရေးကျေးဇူးလည်း ညီတူရရှိကြောင်း သိရသည်။

ထို့အတွက်ကြောင့် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ရာတွင် ဖြည်းဖြည်းမှန်မှန်လမ်းလျှောက်ခြင်းမဟုတ်ဘဲ ဖျတ်လတ်တက်ကြွစွာဖြင့် ခပ်သွက်သွက်လမ်းလျှောက်ခြင်းကို ရည်ညွှန်းကြောင်း ဝီလျံက ဆိုသည်။

ပညာရှင်ဝီလျံသည် ကွန်နက်တီကတ်ပြည်နယ် ဟတ်ဖို့ဒ်ဆေးရုံရှိ ဒေါက်တာပေါလ်သော်ဆင်နှင့် ပူးတွဲ၍ အပြေးသမား ၃၃၀၀၀ ကျော် နှင့်လမ်းလျှောက်သူ ၁၆၀၀၀ နီးပါးတို့၏ အချက်အလက်များကို စုဆောင်းသုတေသနပြုခဲ့သည်။ သုတေသနတွင် အသက် ၁၈ နှစ် မှ ၈၀ အထိ အရွယ်စုံပါပြီး အသက် ၄၀ နှင့် ၅၀ အရွယ် အများဆုံးပါဝင်သည် ဟုဆိုသည်။

ပညာရှင်နှစ်ဦးတို့၏ ခြောက်နှစ်ကြာ သုတေသနပြုချက်အရ သွေးပေါင်ချိန်မြင့်တက်မှုအန္တရာယ်ကို အပြေးလေ့ကျင့်ခန်းယူခြင်းဖြင့် ၄ ဒသမ ၂ ရာခိုင်နှုန်းနှင့် လမ်းခပ်သွက်သွက်လျှောက်ခြင်းက ၇ ဒသမ ၂ ရာခိုင်နှုန်း လျော့ကျစေသည်။ ကိုလက်စထရောမြင့်တက်မှုတွင် ၄ ဒသမ ၃ ရာခိုင်နှုန်းမှာ ပြေးခြင်းဖြင့် လျော့ကျနိုင်ပြီး လမ်းလျှောက်ခြင်းဖြင့် ခုနစ်ရာခိုင်နှုန်းနည်းပါးစေသည်။ ဆီးချိုကျန်းမာရေးကို အပြေးလေ့ကျင့်ခန်းက ၁၂ ဒသမ ၁ ရာခိုင်နှုန်းအထိ လျော့ကျစေပြီး လမ်းလျှောက်ခြင်းက ၁၂ ဒသမ ၃ ရာခိုင်နှုန်း လျော့နည်းသွားစေနိုင်ကြောင်း ပြောကြားသည်။ နှလုံးရောဂါဖြစ်ပွားမှုဘေးတွင်လည်း ပြေးခြင်းက ၄ ဒသမ ၅ ရာခိုင်နှုန်း သက်သာစေနိုင်ကာ လမ်းလျှောက် လေ့ကျင့်ခန်းယူခြင်းက ဘေးအန္တရာယ်ကို ၉ ဒသမ ၃ ရာခိုင် နှုန်းထိပင် လျော့ပါးစေနိုင်ကြောင်း ပြောကြားခဲ့သည်။

မောင်သံဆင့် - ရေးသားသည်

ဂုဏ်ယူဝမ်းမြောက်ကြောင်း

SCG Cement (Thailand) မှ ချီးမြှင့်သော အရှေ့တောင်အာရှ၏ ရောင်းအားအကောင်းဆုံး **ပထမဆု Top Dealer Award (2012)** ကို ချီးမြှင့်ခြင်းခံရသည့် ဇင်ထက်ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီအတွက် ကျွန်တော် များ ပခုက္ကူမြို့ အရောင်းကိုယ်စားလှယ်များအဖွဲ့မှ အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း...

ငွေသရဖူ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
သိန်းမိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
ရတနာဝင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
ဇောတိက အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
ဒို့တောင်သူ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
ပြည့်ချမ်းသာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
ချန်ပီယံ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

ဆောင်းပါး

သွေးမတိုးအောင် သတိဆောင်၊ ကိုယ်လက်လှုပ်ရှား မျှအောင်စား

ဒေါက်တာအောင်ထွဏ်း
(ကျန်းမာရေးဝန်ကြီးဌာန)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နှစ်စဉ် ဧပြီလ ၇ရက်နေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့ (World Health Day)အဖြစ် သတ်မှတ်၍ တစ်ကမ္ဘာလုံးတွင် လူသားများ အဓိက ရင်ဆိုင်နေကြရသည့် ကျန်းမာရေး ပြဿနာများအနက် အရေးကြီးသည့် ပြဿနာတစ်ခုကို ရွေးထုတ်ပြီး လူသားအားလုံး သတိမူကာကွယ်ဟန့်တားနိုင်ရေးအတွက် နှစ်စဉ်ဆောင်ပုဒ်များဖြင့် မီးမောင်းထိုးပြလျက်ရှိပါသည်။ ယခုနှစ်တွင်လည်း ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် "သွေးမတိုးအောင် သတိဆောင်၊ ကိုယ်လက်လှုပ်ရှား မျှအောင်စား" (HYPERTENSION) ဟု သတ်မှတ်ဆောင်ရွက်ရန် နှိုးဆော်ထားပါသည်။ ကျန်းမာရေးဝန်ထမ်းများနှင့် နီးနွယ်ဌာနဆိုင်ရာများ အသင်းအဖွဲ့များအပါအဝင် လူတိုင်းက သွေးတိုးရောဂါကာကွယ်ရေးကို ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းထားခြင်းဖြစ်ပါသည်။

သွေးတိုးရောဂါသည် လူတိုင်း ကြားဖူးနားဝရှိသော်လည်း တကယ်တမ်းဂရုပြုမှုအားနည်းသည့် ရောဂါမျိုးဟု ဆိုနိုင်ပါသည်။ ပျမ်းမျှအားဖြင့် အပေါ်သွေး 120 mmHg ဝန်းကျင်၊ အောက်သွေး 80 mmHg ဝန်းကျင်ရှိပြီး သွေးတိုးနှုန်းသည် အသက်အရွယ်အလိုက် လူမျိုးအလိုက်ကွာခြားတတ်ပါသည်။ ရောဂါလက္ခဏာများ မပြသသောကြောင့် လူအများစုသည် မိမိသွေးတိုးရောဂါရှိနေသည်ကို မသိကြပေ။ သွေးတိုးရောဂါရှိကြောင်း အလွယ်တကူရောဂါရှာဖွေနိုင်ပြီး ကုသနိုင်သော်လည်း တချို့သည် သွေးတိုးသည့် ရောဂါလက္ခဏာမပြဘဲ လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်း ရုတ်တရက်ခံစားရတတ်သည့်အတွက် တိတ်တဆိတ် လူသတ်ရောဂါအဖြစ် တင်စားခဲ့ကြပါသည်။

ကမ္ဘာ့သွေးတိုးရောဂါဖြစ်ပွားမှု အခြေအနေ

သွေးတိုးရောဂါသည် ယနေ့ကမ္ဘာပေါ်တွင် လူသားအားလုံး၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသော မကူးစက်တတ်သော နာတာရှည်ရောဂါတစ်ခုဖြစ်ပါသည်။ သွေးတိုးရောဂါကြောင့် ယနေ့ကမ္ဘာပေါ်တွင် လူပေါင်း ၇ဒသမ ၅သန်းကျော် သေဆုံးခဲ့ကြောင်း ခန့်မှန်းရပါသည်။ ယင်းသေဆုံးမှုသည် သေဆုံးမှုစုစုပေါင်း၏ ၁၂ဒသမ ၈ရာခိုင်နှုန်းရှိပါသည်။ အရွယ်ရောက်သူသုံးဦးတွင် တစ်ဦးထက်မက သွေးတိုးရောဂါဖြစ်ပွားနေပြီး နှစ်စဉ်နှစ်တိုင်း လူပေါင်းကိုးသန်းကျော် သေဆုံးစေပါသည်။ ကမ္ဘာပေါ်တွင် လူ ၁၀ ဦး သေဆုံးတိုင်း တစ်ဦးသည် သွေးတိုးရောဂါကြောင့် သေဆုံးခြင်းဖြစ်ပါသည်။

၂၀၀၈ခုနှစ်တွင် ကမ္ဘာတစ်ဝန်း အသက် (၂၅ နှစ်)နှင့် အထက်ရှိသူများ၏ ၄၀ ရာခိုင်နှုန်းသည် သွေးတိုးရောဂါဖြစ်ပွားနေပြီး ယင်းသွေးတိုးရောဂါဖြစ်ပွားမှုနှုန်းသည် ၁၉၈၀မှ ၂၀၀၈ခုနှစ်အတွင်း အမြင့်ဆုံးဖြစ်လာသည်။ လူဦးရေများလာခြင်း၊ သက်ကြီးရွယ်အိုများလာခြင်းတို့ကြောင့် သွေးတိုးရောဂါရှိသူများသည် ၁၉၈၀ ခုနှစ်တွင် သိန်း ၆၀၀ မှ ၂၀၀၈ ခုနှစ်တွင် တစ်သန်းအထိရှိလာသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဒေသများအနက် အာဖရိကတွင် သွေးတိုးရောဂါရှိသူ အများဆုံးဖြစ်ပြီး ၄၆ ရာခိုင်နှုန်းရှိသည်။ ယင်းဒေသတွင် သွေးတိုးရောဂါဖြစ်ပွားမှုမှာ လူ ၁၀ ဦးလျှင်လေးဦး၊ ၄၀ ရာခိုင်နှုန်းကျော်ဖြစ်နေပါသည်။ အမေရိကဒေသများတွင် သွေးတိုးရောဂါဖြစ်ပွားမှုအနည်းဆုံး ၃၅ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသားများမှာ ၃၉ ရာခိုင်နှုန်းနှင့်အမျိုးသမီးများမှာ ၃၂ ရာခိုင်နှုန်းဖြစ်ပွားသောကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုဖြစ်ပွားသည်။ ကမ္ဘာ့နေရာအားလုံးတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုဖြစ်ပွားပြီး ယင်းကွာခြားချက်သည် အမေရိကဒေသများနှင့် ဥရောပဒေသများတွင် ပိုမိုသိသာထင်ရှားပါသည်။

၂၀၀၈ ခုနှစ် စာရင်းများအရ အရှေ့တောင်အာရှနိုင်ငံများတွင် သွေးတိုးရောဂါဖြစ်ပွားမှုသည် ၃၀ ရာခိုင်နှုန်းရှိခဲ့ပြီး သွေးတိုးကြောင့် နှစ်စဉ် လူပေါင်း ၁ ဒသမ ၅ သန်းခန့် သေဆုံးလျက်ရှိနေသည်။

မြန်မာနိုင်ငံနှင့်သွေးတိုးရောဂါဖြစ်ပွားမှုအခြေအနေ

မြန်မာနိုင်ငံ၏ သွေးတိုးရောဂါဖြစ်ပွားနှုန်းမှာ National STEPS Survey (၂၀၀၉)အရ အမျိုးသားများတွင် ၃၀ ဒသမ ၉၉ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများတွင် ၂၉ ဒသမ ၃၄ ရှိသည်။ နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်၏ စစ်တမ်းများအရ ၂၀၀၅ ခုနှစ်တွင် သွေးတိုးရောဂါဖြစ်ပွားမှုနှုန်း ၂၀ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ၅၇ ရာခိုင်နှုန်းအထိ တိုးလာကြောင်း တွေ့ရှိရသည်။

သိမှတ်ဖွယ်ရာသွေးတိုးရောဂါ

သွေးတိုးရောဂါသည် အသက်အရွယ်မရွေးဖြစ်ပွားနိုင်ပြီး သွေးတိုးရောဂါဖြစ်ပွားသူများအနက် ငါးရာခိုင်နှုန်းခန့်သာ အကြောင်းအရင်းကို ရှာဖွေဖော်ထုတ်နိုင်ပြီး ၉၅ ရာခိုင်နှုန်းမှာ သွေးတိုးရောဂါဖြစ်စေသော အကြောင်းရင်းများစွာ ပေါင်းဆုံ၍ဖြစ်နေကြောင်း တွေ့ရှိရပါသည်။ ယင်းအကြောင်းအရင်းများသည် လူတို့နေထိုင်စားသောက်မှု၊ အပြုအမူနှင့်ဆက်စပ်လျက်ရှိနေသည်။

ယနေ့အခြေအနေတွင် ငါးပိ၊ ငံပြာရည်၊ အချိုမှုန့်မပါလျှင် အရသာမတွေ့ကြတော့သည့် အခြေအနေမျိုးဖြစ်နေသည်။ အခြားတစ်ဖက်တွင် ဆေးလိပ်၊ အရက်၊ ကွမ်းစသည်တို့ကိုလည်း ပိုမိုသုံးစွဲလာကြသည်။ အရောင်ဆိုးဆေးပါသည့် အသား၊ ငါးများ၊ အစားအစာများ၊ ကျန်းမာရေးနှင့်မညီညွတ်သော အသင့်ပြုလုပ်ထားသည့် အစားအစာများကိုလည်းနေရာအနှံ့အလွယ်တကူရရှိနိုင်ကြသည်။

အဆီအအိမ့်စားခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်း၊ စိတ်ဖိစီးမှုများခြင်းစသည့် အကြောင်းအရင်းများစွာ ပေါင်းဆုံပြီး သွေးတိုးရောဂါဖြစ်စေသော အလားအလာများလာပါသည်။ သွေးတိုးခြင်းသည် နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ နှလုံးအမောဖောက်ခြင်း၊ သွေးကြောကျဉ်းရောဂါများ၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်း၊ သွေးကြောများပေါက်ခြင်း၊ ဦးနှောက်ပျက်စီးခြင်းနှင့် အခြားစိုးရိမ်ရသော ကျန်းမာရေးပြဿနာများကိုဖြစ်စေပါသည်။ သွေးတိုးရောဂါဖြစ်ပွားသူများသည် နောက်ဆက်တွဲရောဂါများကြောင့် အသက်ဆုံးရှုံးရသည်အထိ ဖြစ်ရပါသည်။

နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါနှင့် လေဖြတ်ခြင်း စသည့်ရောဂါတို့တွင် သွေးတိုးခြင်းသည် အဓိက အကြောင်းတရားပင်ဖြစ်သည်။ လေ့လာချက်များအရ သက်တူရွယ်တူအုပ်စုများတွင် ၁၁၅/၇၅ mmHg မှစ၍ သွေးပေါင်ချိန် ၂၀/၁၀ mmHg တိုးသွားတိုင်း နှလုံးရောဂါနှစ်ဆ ပိုမိုဖြစ်ပွားနိုင်ပါသည်။ သွေးပေါင်ချိန်ကို ၁၄၀/၉၀ mmHg အောက် လျော့နည်းအောင်ကုသ၍ ထိန်းသိမ်းထားခြင်းသည် နှလုံးရောဂါ ဖြစ်ပွားမှုကို လျော့နည်းစေပါသည်။

သွေးတိုးရှိ/မရှိ စစ်ဆေးကြည့်

သွေးတိုးရောဂါသည် မဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်သော်လည်း သွေးတိုးရောဂါရှိပြီဆိုလျှင်လည်း စနစ်တကျ ကုသထိန်းသိမ်းခြင်းဖြင့် နောက်ဆက်တွဲရောဂါများကြောင့် အသက်ဆုံးရှုံးခြင်းကို ကာကွယ်နိုင်ပါသည်။ သွေးတိုးခြင်းကို ပုံမှန်အခြေအနေရောက်အောင် ထိန်းသိမ်းထားခြင်းသည် နှလုံးရောဂါနှင့် လေဖြတ်ခြင်းကို ကာကွယ်သော အဓိကနည်းလမ်းဖြစ်ပါသည်။

မှန်ကန်သောသွေးပေါင်ချိန်ကို သိရှိနိုင်ရန် သွေးပေါင်မချိန်မီ လူနာကို တိတ်ဆိတ်ငြိမ်သက်သောခန်းအတွင်း ငါးမိနစ်ခန့်ထိုင်ပြီး အနားယူစေရပါသည်။ သွေးပေါင်ချိန်မည့် လက်မောင်းတွင်လည်း တင်းကျပ်နေသောအဝတ်များ မဝတ်ထားရပါ။ လက်မောင်းကို နှလုံးနှင့်တစ်ပြေးညီသက်သောင့်သက်သာ အနေအထားမှာရှိစေရပါသည်။ သွေးပေါင်ချိန်ကိရိယာ အသုံးပြုရာတွင်လည်းစံညွှန်းမီကောင်းမွန်သည့်ကိရိယာကို အသုံးပြုသင့်ပြီး သင့်တော်သော လက်မောင်းပတ် အရွယ်အစားဖြစ်ရန်လည်း လိုအပ်ပါသည်။

ယခုအခါ Sphygmomano -meter ဟုခေါ်သော မာကျူရီပြဒါးတိုင်ပါသည့် သွေးပေါင်ချိန်တိုင်း ကိရိယာများကို သုံးနေဆဲဖြစ်ပါသည်။ ခေတ်ပေါ် Digital သွေးပေါင်ချိန်တိုင်းကိရိယာများကိုလည်း ယခင်ကထက် ပိုပြီးသုံးလာကြပါသည်။ ဒိုင်ခွက်အသုံးပြုသော Aneroid type ခေါ်သော သွေးပေါင်ချိန်တိုင်းကိရိယာများက အမှားအယွင်းများသည့်အတွက် အသုံးမပြုသင့်တော့ပါ။

ခေတ်ပေါ် Digital သွေးပေါင်ချိန်ကိရိယာများဖြင့် သွေးပေါင်ချိန်ရာတွင် ဖော်ပြထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာမည်ဆိုလျှင် မှန်ကန်သော သွေးပေါင်ချိန်အဖြေရနိုင်ပါသည်။ သို့သော် ခေတ်ပေါ် Digital ကိရိယာများသည် နှလုံးခုန်နှုန်းစည်းချက်မမှန်သော လူနာများတွင် တိကျမှန်ကန်သည့်သွေးပေါင်ချိန်အဖြေကို မပေးနိုင်သောကြောင့် ထိုလူနာများအတွက် အထူးစီမံပြုလုပ်ထားသော နောက်ဆုံးပေါ် Digital ကိရိယာများဖြင့် တိုင်းတာရပါသည်။ နောင်တစ်ချိန် ကမ္ဘာတစ်ဝန်းတွင် ပြဒါးအသုံးပြုခွင့်မရှိလျှင် Digital ကိရိယာများကိုသာ အသုံးပြုရမည်ဖြစ်ပါသည်။

သွေးတိုးရောဂါကုသရာတွင် သွေးပေါင်ချိန်တိုင်းခြင်းမှ ရရှိသည့် ကိန်းဂဏန်းတစ်ခုတည်းကိုကြည့်ပြီး ဆေးကုသမည်ဆိုလျှင် မပြည့်စုံပါ။ သွေးတိုးနှင့် ဆက်စပ်သည့် အခြားရောဂါများရှိ မရှိ (ဥပမာ- ဆီးချိုရောဂါ) သွေးတိုးကြောင့်ဖြစ်သော နောက်ဆက်တွဲရောဂါများ ရှိ မရှိနှင့် သွေးတိုးနိုင်သည့်အကြောင်းအရာများ(ဥပမာ-ဆေးလိပ်သောက်ခြင်း၊ မိသားစုရာဇဝင်တွင် နှလုံးသွေးကြောရောဂါရှိခြင်း) အစရှိသည်များကို ပြည့်ပြည့်စုံစုံမေးမြန်းမှတ်သားထားရပါသည်။ ထို့အပြင် ဓာတ်ခွဲခန်းစစ်ဆေးချက်များလည်း ပြုလုပ်ရပါသည်။

- ဆီးတွင် ပရိုတင်း၊ သွေးနှင့် သကြားဓာတ် ပါ မပါ စစ်ဆေးသင့်ပါသည်။
- သွေးတွင်း ဆီးဆိပ်ဓာတ် (Creatinine) နှင့် ဓာတ်ဆားဓာတ်များ (Eletrolytes) များလည်း စစ်ဆေးသင့်ပါသည်။
- နံနက်စောစော အစာမစားမီအချိန်တွင် သွေးချိုဓာတ် (Fasting blood sugur) နှင့် သွေးတွင်းအဆီဓာတ် (Fasting lipid profile) ဖောက်စစ်သင့်ပါသည်။
- အီးစီဂျီ (ECG) လည်း ဆွဲထားသင့်ပါသည်။

ကုသကာကွယ်သွေးတိုးအန္တရာယ်

သွေးတိုးရောဂါကုသမှုအပိုင်းတွင် ဆေးဝါးဖြင့်ကုသခြင်း၊ ဆေးဝါးမပါဘဲ ကျန်းမာရေးနှင့် လိုက်လျောညီထွေရှိသော အပြုအမူအနေအထိုင်များနှင့် သွေးပေါင်ကျစေခြင်း နှစ်ပိုင်းရှိပါသည်။ သွေးတိုးရောဂါရှိသူများသည် ကိုယ်အလေးချိန်လျှော့ချသင့်ပါသည်။ ခန္ဓာကိုယ်အညွှန်းကိန်း ၁၈ ဒသမ ၅ kg/m2 နှင့် ၂၄ ဒသမ ၉ kg/m2 အတွင်း ထိန်းထားရပါသည်။ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ၊ အဆီနည်းသော နို့ထွက်ပစ္စည်းများကို စားသုံးရပါသည်။ သွေးတိုးရောဂါသည် အဖြစ်များသော ရောဂါတစ်ခုဖြစ်ကာ အချိန်မီသိရှိပြီး ထိထိရောက်ရောက် ဆေးကုသမှုခံယူမည်ဆိုလျှင် သွေးတိုးရောဂါကိုအခြေခံပြီး ဖြစ်ပေါ်လာသော နှလုံးသွေးကြောရောဂါ၊ လေဖြတ်ရောဂါ၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိအမြင်လွှာပျက်စီးခြင်းတို့ကို အချိန်မီကာကွယ်နိုင်မည်ဖြစ်သကဲ့သို့ လူတိုင်း သက်တမ်းစေ့ နေနိုင်မည် ဖြစ်ပါသည်။ အထူးသဖြင့် ဆီးချိုရောဂါနှင့် ကျောက်ကပ်ရောဂါရှိသူများတွင် သွေးပေါင်ထိန်းခြင်းဖြင့် ကျောက်ကပ်ပျက်စီးခြင်းကို တားဆီးနိုင်ပါသည်။

သို့ဖြစ်၍ ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာ နီးနွယ်ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးသည် သွေးတိုးရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာ၍ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်-

- နေ့စဉ် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို တရုတ်ထမင်းစားပန်းကန်းလုံးနှင့် ငါးလုံးခန့်စားပါ။
- တစ်နေ့လုံး စားသုံးသည့် ဆားပမာဏသည် လက်ဖက်စားဇွန်းတစ်ဇွန်း(၅ ဂရမ်)ထက် နည်းရပါမည်။
- နေ့စဉ်အနည်းဆုံး မိနစ်သုံးဆယ် ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်ပါ။
- သင့်တော်သော ကိုယ်အလေးချိန် အမြဲတမ်းရှိပါစေ။
- အရက်သေစာနှင့် ဆေးလိပ်၊ ဆေးရွက်ကြီးကို ရှောင်ကြဉ်ပါ။
- စိတ်ဖိစီးမှုလျော့နည်းအောင် နေထိုင်ပါ။
- မိမိတို့၏ သွေးပေါင်ချိန်ကို မှန်မှန်စစ်ဆေးပါ။

AMT
အေးမာန်သစ် မော်တော်ယာဉ် မှ
ငွေကျပ် (၄၅) သိန်း ပေးသွင်းပြီး ကုန်တန်ချိန် (၅)တန်အထိ တင်ဆောင်နိုင်သော Brand New Dump Truck ကားကောင်းကောင်းတစ်စီး ပိုင်ဆိုင်နိုင်ပါပြီ၊
ကျန်ငွေကို ဘဏ်နှင့်ချိတ်ဆက်၍ တစ်လလျှင် (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် (၂)နှစ်အရစ်ကျပေးသွင်းနိုင်ပါသည်၊
အတိုးမဲ့စနစ်ဖြင့်လည်း ဝယ်ယူနိုင်ပါသည်၊ (မည်သည့်အာမခံမှပေးရန်မလိုပါ)

အုတ်သဲကျောက် လုပ်ငန်းရှင်များအတွက် မြို့တွင်းသို့ ဝင်ရောက်နိုင်သော Brand New Dump Truck (ရောက်ရှိနေပါပြီ)
နေရာ - အမှတ်(၄၂၃)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ် (သီတာရုပ်ရှင်ရုံအနီး)

ပြည်တွင်းသတင်း

ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်တားဆီးရေး နည်းဗျူဟာများ အမြင်ချင်းဖလှယ်

နေပြည်တော် မေ ၇

မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများအကြား ငှက်ဖျားတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် နိုင်ငံအလိုက် အနည်းငယ်စီ ကွဲပြားသော်လည်း ရောဂါကူးစက်ခံစားနေရသော လူဦးရေမြင့်မားလာနေသည့် ရွှေ့ပြောင်းလုပ်သားများ အပါအဝင် နယ်စပ်ဒေသသို့ ပြည်သူများအတွက် ငှက်ဖျားရောဂါကာကွယ်တားဆီးရေး ဦးစားပေးလုပ်ငန်းစဉ်နည်းဗျူဟာ၊ ကြိုတင်ကာကွယ်မှုကိစ္စရပ်များနှင့် ဆေးယဉ်ပါးမှုရှိသော ငှက်ဖျားပိုးပျံ့နှံ့မှု ဟန့်တားတိုက်ဖျက်ရေးကို ပိုမိုအာရုံစိုက် ပူးပေါင်းလုပ်ဆောင်ကြရန် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မေ ၄ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသော Working Group Meeting on Cambodia-Myanmar- Thailand Cross-border Collaboration on Malaria Control and Prevention ဆွေးနွေးပွဲ ပိတ်ပွဲတွင် ပြောကြားသည်။

အစည်းအဝေးသို့ USAID မှ PMI Partners များနှင့် မြန်မာ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ NGOs များ တက်ရောက်ခဲ့ကြပြီး ငှက်ဖျားရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးအဖွဲ့အစည်းနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများ၊ မိတ်ဖက် အဖွဲ့အစည်းများကြား နယ်စပ်ဒေသတွင် ဖြစ်ပေါ်နေသည့် ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်တားဆီးရေးနည်းဗျူဟာများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြကာ သဘောတူညီချက်များ ရယူခဲ့ကြသည်။ လက်ရှိအချိန်အထိ ချိတ်ဆက်လုပ်ဆောင်ခဲ့သည့် နိုင်ငံနယ်နိမိတ်များအကြား လုပ်ငန်းစဉ်များကို သုံးသပ်လေ့လာကြပြီး ပိုမိုထိရောက်သည့် ကာကွယ်တားဆီးမှုလုပ်ငန်းစဉ်များကို ဆေးယဉ်ပါးမှုရှိသော ငှက်ဖျားပိုးတွေ့ရှိရာ နယ်စပ်ဒေသရှိ ပြည်သူများအတွက် ကိစ္စတစ်ခုချင်းအလိုက် ပူးပေါင်းဆုံးဖြတ်ခဲ့ကြသည်။ ထို့ပြင် နိုင်ငံများအကြား ငှက်ဖျားရောဂါဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ရေး၊ ကျန်းမာရေးစနစ်နှင့် ဝန်ထမ်းများ၊ ငှက်ဖျားရောဂါ ရှာဖွေစစ်ဆေးသည့် ဓာတ်ခွဲခန်းများ အရည်အသွေးမြှင့်တင်ရေး၊ ငှက်ဖျားရောဂါ ဖြစ်ပွားမှုအနေအထား သုံးသပ်လေ့လာရေးနှင့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို ဆေးယဉ်ပါးမှုရှိသော ငှက်ဖျားပိုးတွေ့ရှိရာ ဒေသများနှင့် ရွှေ့ပြောင်းလုပ်သားများအကြား ပိုမိုအာရုံစိုက် လုပ်ဆောင်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Pre SEA Games Wrestling Tournament Myanmar -2013 ဒုတိယဝန်ကြီး ဦးသောင်းထိုက် ကြည့်ရှုအားပေး

ရန်ကုန် မေ ၇

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ မေ ၆ ရက် ညနေ ၃ နာရီက ကျင်းပသော Pre SEA Games Wrestling Tournament Myanmar -2013 ပြိုင်ပွဲကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် သွားရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲကို ပွဲစဉ်ပေါင်း ၆၀ ကျင်းပပြီးနောက် ဒုတိယဝန်ကြီးက Free Style (66)kg တန်းတွင် ပထမဆုရ ဗီယက်နမ်နိုင်ငံမှ BUE Tuan Anin၊ ဒုတိယဆုရ မြန်မာနိုင်ငံမှ ဝင်းလှိုင်ထွေး၊ ပူးတွဲတတိယဆုရ ထိုင်းနိုင်ငံမှ PIPOP Nompa နှင့် မြန်မာနိုင်ငံ (B) အသင်းမှ ထွန်းအောင်၊ AAWC President Dr. Chang Kew Kim က Free Style (120)Kgတန်းတွင် ပထမဆုရ စင်ကာပူနိုင်ငံမှ Doula- tram Arvind Lawani၊ ဒုတိယဆုရ မြန်မာနိုင်ငံ (B) အသင်းမှ မဲကျော်အောင်နှင့် တတိယဆုရ မြန်မာနိုင်ငံ (A) အသင်းမှ ဖြိုးဇော်ခိုင်တို့အား ဆုများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

စင်ကာပူချေးငွေ သတင်းအချက်အလက်ဗဟိုဌာနသို့ ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ လေ့လာရေးသွားရောက်

ရန်ကုန် မေ ၇

ချေးငွေထုတ်ချေးသည့် ဘဏ်များအတွက် ငွေချေးငှားသူများနှင့် ပတ်သက်သော သတင်းအချက်အလက်များပြည့်စုံစွာနှင့် မှန်မှန်ကန်ကန် ရရှိစေရန်၊ ချေးငွေများ ဆုံးရှုံးမှုမှ အကာအကွယ်ပေးရန်အတွက် စင်ကာပူချေးငွေသတင်းအချက်အလက် ဗဟိုဌာန (Credit Bureau Singapore)၏ လက်တွေ့ ဆောင်ရွက်နေမှုများနှင့် ခေတ်မီ ICT နည်းပညာများကို အသုံးပြုပြီး ချေးငွေသတင်းအချက်အလက်များစုစည်း၍ ဘဏ်များမှ တောင်းခံလျှင် ပေးပို့သည့် လုပ်ငန်းစဉ်များကို လက်တွေ့လေ့လာရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော် ဦးဆောင်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ သမဝါယမဘဏ်လီမိတက်၊ မြဝတီဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ယူနိုက်တက်အမရာဘဏ်လီမိတက်၊ ရောဝတီဘဏ်လီမိတက်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အုပ်ချုပ်မှု ဒါရိုက်တာများပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်တွင် ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(မြန်မာ့အလင်း)

မနောမြေနှင့် ရခိုင်တို့အမှတ်ခွဲယူ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် မေ ၇

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)ကို ယမန်နေ့နှင့် ယနေ့ညနေပိုင်းများက ကျင်းပခဲ့သည်။

သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်နှင့်မနောမြေအသင်းတို့ နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ တန်းဆင်းဇုန်အန္တရာယ်ရှိနေသည့် အသင်းနှစ်သင်း၏ ထိပ်တိုက် တွေ့ဆုံမှုမှာ ဂိုးအပြန်အလှန်သွင်းပြီး သရေပွဲဖြင့် အဆုံးသတ်ခဲ့သည်။ ရခိုင်အသင်းမှာ ပထမဆုံးနိုင်ပွဲရရှိနိုင်သည့် အခွင့်အရေးရရှိခဲ့ပြီး နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများရခဲ့သော်လည်း သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ၄ မိနစ်တွင် ပီနာ၊ ၄၈ မိနစ်တွင် အောင်စိုးမိုးတို့ကခေါင်းတိုက်ပြီး ရခိုင်အတွက် ဂိုးများသွင်းယူခဲ့ပြီး မနောမြေအတွက် ဂိုးများကို ၁၂ မိနစ်တွင် ကျော်စွာလင်းနှင့် ၆၅ မိနစ်တွင် ကမ်ဘူးတို့က သွင်းယူခဲ့သည်။

ယမန်နေ့ကကျင်းပခဲ့သော ပွဲစဉ်များတွင် တောင်ကြီးမြို့၌ ကမ္ဘောဇအသင်းက ဇွဲကပင်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိမန္တလေးမြို့ ဗထူးကွင်းတွင် ဆောက်သမ်းအသင်းက အိမ်ရှင်ရတနာပုံကို တစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်မြို့ အောင်ဆန်းကွင်းတွင် ဧရာဝတီအသင်းက ဟံသာဝတီအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားပြီး သုဝဏ္ဏကွင်းတွင် မကွေးနှင့်ရန်ကုန်တို့ နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

ရခိုင်ယူနိုက်တက်အသင်းဘက်သို့ မနောမြေတိုက်စစ်ဆင်နေစဉ်။

နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၁၀) အမှတ် (၂)ထုတ်ဝေ

ရန်ကုန် မေ ၇

ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၁၀) အမှတ်(၂)ကို ထုတ်ဝေလိုက်သည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် အရည်အသွေးတိုးတက်မြင့်မားရေး၊ အသိပညာဗဟုသုတပြည့်ဝစေရေး၊ ဝန်ထမ်းကျင့်ဝတ်တာဝန်နှင့်စည်းကမ်းလိုက်နာစောင့်ထိန်းစေရေးအတွက် အထောက်အကူပြုသည့် ပညာရပ်ဆိုင်ရာဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ် ထုတ်ဝေလျက်ရှိသည်။

ယခုဂျာနယ်တွင် ဦးအောင်မြင့်၏ ဝန်ထမ်းများသိသင့်သော ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချို့သော ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ငွေး၏ ထားဝယ်ဒေသအကြောင်း တစေ့တစောင်း၊ ဦးလင်းထွဋ်မိုး၏ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လုပ်ငန်းဆောင်ရွက်၏ချက်များ၊ ဦးစန်းလွင်၏ ငါးလုပ်ငန်းဦးစီးဌာန၏ ငါးကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်မှုများ၊ ဦးကျော်ဝင်းဟန်၏ အဆင့်မြင့် စီမံခန့်ခွဲမှုဖန်တီးခြင်း၊ ဦးဇော်မိုးဝင်း၏ မဟာမဲခေါင်ဒေသတွင်း တောင်မြောက်စီးပွားရေးစင်္ကြံ၊ ဦးစိုင်းကျော်သူ၏ နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေး၊ ဒေါ်ခိုင်ခိုင်အောင်၏ ဂျပန်နိုင်ငံ နိုင်ငံ့ဝန်ထမ်းရေးရာအာဏာပိုင်အဖွဲ့၊ ဒေါ်နန်းဖြူဖြူပွင့်၏ (၁၇) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှု အစည်းအဝေး၊ ဦးဇော်ထွန်း၏ အာရှနိုင်ငံအချို့၏ ဝန်ထမ်းများ ခွင့် ခံစားမှုဆိုင်ရာ သိကောင်းစရာများ၊ ဒေါ်ချိုချိုပြုံး၏ ဝန်ထမ်းများ ရှောင်ကြဉ်အပ်သော တံစိုးလက်ဆောင်နှင့် စောင့်ထိန်းအပ်သော ကျင့်ဝတ်များအပါအဝင် နိုင်ငံ့ဝန်ထမ်းရေးရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများ၊ အထွေထွေကဏ္ဍများ ပါဝင်ပါသည်။

အဆိုပါ ဂျာနယ်ကို နေပြည်တော်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇) ဝင်းသူဇာအရောင်းဆိုင်နှင့် မြို့မဈေး မြတ်ရွှေတောင်စာပေ ပျဉ်းမနားတွင် သရဖူစာပေဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့၌ တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပခုက္ကူမြို့နယ် တဲကုန်းကျေးရွာတွင် မီးလောင်

ပခုက္ကူ မေ ၇

မေ ၆ ရက် ညနေ ၄ နာရီတွင် ပခုက္ကူမြို့နယ် မြို့ခင်းသာကျေးရွာအုပ်စု တဲကုန်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးထဲပါ

မီးလောင်မှုမှာ တဲကုန်းကျေးရွာနေ ဦးစိုးသိန်း၏ နေအိမ်၌ ကြက်ဥကြော်ရာမှ ဖြစ်ပွားခဲ့ပြီး ကျေးရွာရှိ နေအိမ် ၂၂ လုံး မီးလောင်ခဲ့သည်။ မီးလောင်ရာသို့ မြို့နယ်မီးသတ်ဌာနမှ ကားများ၊ ရပ်ကွက် အရန်မီးသတ်ကားများ၊ စက်မှုဇုန်မီးသတ်ကားများဖြင့် မီးငြိမ်းသတ်ကြရာ ညနေ ၄ နာရီ မိနစ် ၂၀ တွင် မီးညွန့်ကျိုးသွားခဲ့ပြီး ၄ နာရီခွဲတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်ကျွမ်းမှုကြောင့် ၈၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ပြီး ဆိတ် ၁၉ ကောင် မီးထဲပါသွားခဲ့သည်။ **(ဝဲပုံ)**

မီးဘေးသင့် ခံရသူများအား တဲကုန်းကျေးရွာ မြရတနာရွာဦးဘုန်းတော်ကြီးကျောင်း၌ မြို့နယ်အဆင့် တာဝန်ရှိသူများက ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ကာ ကျန်းမာရေးနှင့် အလှူခံမဏ္ဍပ်တို့ပါ ဖွင့်လှစ်စီစဉ်ဆောင်ရွက်နေကြောင်း သိရှိရသည်။

ကိုအောင်(မန်း)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်၊ မီးသတိပြု ကာကွယ်မှု ပေါင်းစုဆောင်ရွက်ကြ

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာရာ နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

ဘိုအောမြို့တွင် ကျင်းပသည့် ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေးမှာ အမှာစကားပြောကြားခွင့်ရသည့်အတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းကို ဦးစွာပထမ ပြောကြားလိုပါကြောင်း။

ထို့အပြင် မိမိအနေဖြင့် အိမ်ရှင်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရနှင့် ဘိုအောဖိုရမ် ကျင်းပရေးဆိုင်ရာ အဖွဲ့အစည်းကိုလည်း အထူးကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေး၏ အဓိကခေါင်းစဉ် အဖြစ်ဖွံ့ဖြိုးတိုးတက်မှုကို ရှာဖွေနေသော အာရှတိုက် (Asia Seeking Development for All) ကို သတ်မှတ်ထားရှိခြင်းသည် သင့်မြတ်မှုရှိပြီး အချိန်နှင့်တစ်ပြေးညီလည်း ဖြစ်ပါကြောင်း။

ယနေ့ ကမ္ဘာ့စီးပွားရေး အခြေအနေကို လေ့လာကြည့်ပါက အာရှထွန်းသစ်စ စီးပွားရေးနိုင်ငံများမှာ စီးပွားရေးတိုးတက်မှုကို အားရဖွယ်တွေ့ရှိရသော်လည်း ဥရောပမှာ ရင်ဆိုင်နေရသည့် ငွေကြေးဆိုင်ရာ အခက်အခဲများနှင့် ကမ္ဘာ့စီးပွားရေး မတည်ငြိမ်မှုများကြောင့် ပြင်ပဝယ်လိုအား ကျဆင်းခဲ့ပြီး အာရှနှင့် ပစိဖိတ်ဒေသများ၌ စီးပွားရေးတိုးတက်မှုနှုန်းအပေါ် အကျိုးသက်ရောက်မှုများရှိခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းသည် ၃ ဒသမ ၅ ရာခိုင်နှုန်းသာရှိပြီး ကုန်သွယ်မှုတိုးတက်မှုနှုန်းသည်လည်း ၃ ဒသမ ၇ ရာခိုင်နှုန်းသာရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အာရှဒေသတွင်း စီးပွားရေးတိုးတက်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် ဒေသတွင်း ဝယ်လိုအားကို မြှင့်တင်ပေးခြင်း၊ ဒေသတွင်းမှသာမက အခြားပြင်ပမှ ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်၍ အလုပ်အကိုင်ဖန်တီးမှုများနှင့် ဒေသတွင်းထုတ်လုပ်မှုတို့ကို ဖြစ်ထွန်းစေခြင်း၊ အာဆီယံဒေသတွင်းမှာလည်း အခြေခံအဆောက်အအုံများ၌ ရင်းနှီးမြှုပ်နှံမှုများကို သင့်တင့်သည့်မူဘောင်များချမှတ်ကာ မြှင့်တင်ပေးခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ထူထောင်ရေးမှတစ်ဆင့် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိုလည်း ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံအများစုမှာ သမားရိုးကျကိစ္စများစွာကို ကိုင်တွယ်ဖြေရှင်းနေရသည့်အပြင် စိန်ခေါ်မှုအသစ်များကိုလည်း ရင်ဆိုင်နေကြရပါကြောင်း၊ ယင်းကဲ့သို့ မသေချာ မရေရာသော အရေးကိစ္စများ ကြုံတွေ့နေရသော်လည်း ဆင်းရဲ ချမ်းသာမဟူ ကမ္ဘာ့နိုင်ငံအားလုံးအနေဖြင့် သတိမပြတ်ဘဲ အကောင်းဘက်မှရှုမြင်ရန် လိုအပ်ပါကြောင်း။

ကမ္ဘာတစ်ဝန်း စိန်ခေါ်မှုများ၊ မရေရာ မသေချာမှုများနှင့် စွန့်စားရမှုအန္တရာယ်များ ပိုမိုများပြားလာသည့်အလျောက် မိမိတို့ဒေသတွင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး တည်ငြိမ်မှုတို့အား ဆက်လက်ထိန်းသိမ်းနိုင်ရေး၊ စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်လုံခြုံမှုတို့အား ချိန်ညှိခြင်း၊ စီးပွားရေးတိုးတက်မှုတို့အား ဆက်လက်ထိန်းသိမ်းစေခြင်းတို့ကို ဆက်စပ်ကာ ပူးပေါင်းဖြေရှင်းနိုင်ခြင်းအားဖြင့် မိမိတို့ဒေသတွင်း အောင်မြင်မှုများကို ထိန်းသိမ်းထားနိုင်မည်ဟု ယုံကြည်မိပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်အားလုံးတို့တွင် ပူးပေါင်းပါဝင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံနိုင်မှုနှင့်အားလုံးအကျိုးဝင်မှုတို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် အာရှ၏ အရှေ့/အနောက် ဆက်သွယ်မှုဆိုင်ရာ အချက်အချာနေရာတွင် တည်ရှိနေသည့်အတွက် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် အာရှဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်မှာ ဖြစ်ပါကြောင်း။

ယခုကျင်းပသည့် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်နှစ်ပတ်လည်အစည်းအဝေး၏ အဓိကခေါင်းစဉ်ဖြစ်သည့် Asia Seeking Development for All: Restructuring, Responsibility & Cooperation အရ အားလုံးဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့အာရှဒေသအနေဖြင့် ကြုံတွေ့နေရသည့် ငွေကြေးအကျပ်အတည်း၊ သဘာဝဘေးအန္တရာယ်၊ စားနပ်ရိက္ခာဖူလုံစိတ်ချရမှုလျော့ကျလာခြင်းနှင့် စွမ်းအင်လိုအပ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်၍ လိုအပ်သလို တာဝန်ယူကာ ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

အမျိုးမျိုးသော စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် ကမ္ဘာတစ်ဝန်းမှာ ရှင်သန်တိုးတက်မှု၊ ခုခံနိုင်စွမ်းရည် မြှင့်တင်ရေးသည် အဓိကကျပါကြောင်း၊ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုအသစ်များကို ကမ္ဘာ့တစ်ဝန်း ကြုံတွေ့နေရခြင်းဖြစ်၍ ဘက်ပေါင်းစုံမှ ချဉ်းကပ်အဖြေရှာသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဤသို့ ဖြေရှင်းရန်မှာ မလွယ်ကူသော်လည်း ကမ္ဘာတစ်ဝန်း ဒေသများ၌ ဒေသတွင်းပေါင်းစည်းရေးဆောင်ရွက်မှုများသည် ကမ္ဘာ့ကိစ္စရပ်များအတွက် အဖြေရှာနိုင်ရေးကို များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

ဒေသတွင်း ပေါင်းစည်းမှုအစီအစဉ်အသီးသီးတွင် ပါဝင်သည့် နိုင်ငံအသီးသီး၏ ကြိုးပမ်းမှုများကို စုစည်းနိုင်မှသာ ဒေသအဖွဲ့အစည်း အောင်မြင်မှုကို ဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း။

ယခုကျင်းပသည့် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည် အစည်းအဝေး ၂၀၁၃ အနေဖြင့် နိုင်ငံအားလုံးနှင့် နိုင်ငံသားအားလုံးတို့၏ အခြေခံကျသည့်ဖွံ့ဖြိုးတိုးတက်မှုများအတွက် အမြင်၊ မဟာဗျူဟာများနှင့် အောင်မြင်နိုင်မည့် နည်းလမ်းများကို ရှာဖွေအကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ကျင်းပသည့် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေး၏ ရလဒ်များသည် အာရှဒေသ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများစွာကို ရှာဖွေဖော်ဆောင်ပေးနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဖင်လန်၊ မက္ကစီကို၊ ပီရူး၊ ဇမ်ဘီယာ၊ ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ နယူးဇီလန်၊ အယ်လ်ဂျီးရီးယားနှင့် မွန်ဂိုလီးယားနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ (၆၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ဦးဆောင်ညွှန်ကြားရေးမှူးတို့က မိန့်ခွန်းများ အသီးသီးပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘိုအောဖိုရမ်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တက်ရောက်လာကြသူများနှင့်အတူ တက်ရောက်သည်။

နိုင်ငံတော်သမ္မတသည် ညနေပိုင်းတွင် ဟိုင်နန်ပြည်နယ် စန်းယမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၅နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Lu Zhi တို့က နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် ဧပြီ ၇

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်စီမံချက်အဆင့်(၅)ဖြင့် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက် ၉ နာရီခွဲက ကျောက်တံတားမြို့နယ် အမှတ်(၁) ရပ်ကွက် ၃၃ လမ်း (အထက်) ဓမ္မာရုံ၌ ခရိုင်ဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေး၊ မြို့နယ်ဦးစီးဌာနမှူး ဦးဇော်မိုး၊ တိုက်နယ်မှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးကြသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုများကို ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကြည်လင်၊ ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးသိန်း(ခ) ဦးမြသိန်းတို့က လုပ်ငန်းများအဆင်ပြေချောမွေ့စေရေး ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး ဦးကြည်လင်က နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် စပ်လျဉ်းသည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ရခိုင်၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့များ၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့များဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့တွင် အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးများတွင်လည်းကောင်း၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တွင် အမှတ်(၁)ရဲတပ်ဖွဲ့စခန်း၊ တောင်ကြီးမြို့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လားရှိုးမြို့နှင့် ကျိုင်းတုံရဲတပ်ဖွဲ့စခန်း၊ ကျိုင်းတုံမြို့တို့၌လည်းကောင်း တပ်ဆင်ထားကြောင်း သိရသည်။

ပြည်သူလူထုမှ နစ်နာချက်များ တိုင်ကြားနိုင်သော ဖုန်းနံပါတ်များမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဖုန်း ၀၆၇-၄၁၂၂၂၂ နှင့် ၀၆၇- ၄၁၂၄၄၄၊ နေပြည်တော်ရဲတပ်ဖွဲ့ ဖုန်း ၀၆၇-၅၅၀၃၃၃၊ ကချင်ပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၇၄-၂၁၄၄၄၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၅၈-၂၃၃၅၅၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း ၀၇၁-၂၄၉၉၆၊ တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဖုန်း-၀၅၉-၂၃၉၉၈၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဖုန်း ၀၅၂-၂၃၉၉၉၊ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း-၀၆၃-၂၈၀၉၉၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း ၀၂-၆၁၄၄၄၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့ ဖုန်း ၀၅၇-၂၄၉၈၇၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၄၃- ၂၂၈၃၃၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖုန်း ၀၁-၂၃၀၂၁၉၉၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ဖုန်း ၀၈၁-၂၁၂၅၄၅၅၊ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဖုန်း-၀၄၂-၂၃၈၄၄ တို့ဖြစ်ကြသည်။ (သတင်းစဉ်)

မြန်မာ့မိုဘိုင်းဖုန်း ဈေးကွက်အတွင်း ပြည်ပကုမ္ပဏီများဝင်ရောက်ရန် အပြိုင်ကြိုးပမ်း

➤ မြင့်မောင်စိုး-ရေးသားသည် ➤

နေပြည်တော် ဧပြီ ၇

မြန်မာနိုင်ငံတွင် SIM ကတ်များကို ဈေးနှုန်းအချိုသာဆုံးဖြင့် ရောင်းချသွားရန် ကြေညာခဲ့ပြီးနောက် ကမ္ဘာ့ထိပ်တန်းဆက်သွယ်ရေးကုမ္ပဏီကြီးများက မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်းလုပ်ငန်းလိုင်စင်ရယူလုပ်ကိုင်ရန် အပြိုင်အဆိုင်ကြိုးစားလာကြောင်း ဆက်သွယ်ရေးတာဝန်ရှိသူများက ပြောကြားသည်။

ကမ္ဘာမှာ အကြီးဆုံးဆက်သွယ်ရေးကုမ္ပဏီကြီးနှစ်ခုဖြစ်သည့် တရုတ်ကုမ္ပဏီ China Mobile နှင့် ယူကေအခြေစိုက် Vodafone တို့သည် မြန်မာနိုင်ငံ၌ မိုဘိုင်းဖုန်းလုပ်ငန်းလိုင်စင်များရယူရန် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး အဖွဲ့တစ်ဖွဲ့ ထူထောင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံဟာ ကမ္ဘာ့မိုဘိုင်းဖုန်းလုပ်ငန်းအတွက် အရေးကြီးတဲ့ ဈေးကွက်သစ် ဖြစ်ပါတယ်" ဟု Vodafone နှင့် China Mobile တို့၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းလုပ်ငန်းလုပ်ကိုင်ရန် ပြည်ပကုမ္ပဏီကြီးများက ကြိုးပမ်းနေချိန် ပြည်တွင်း ကုမ္ပဏီအချို့ကလည်း လိုင်စင်ရယူလုပ်ကိုင်ရန် ပြင်ဆင်လျက်ရှိသည်။

မြန်မာ့မိုဘိုင်းဖုန်း ဈေးကွက်အတွင်း အခြားသော ပြည်ပဆက်သွယ်ရေး ကုမ္ပဏီများဖြစ်သည့် စင်ကာပူမှ Sing Tel, Qatar Telecom နှင့် နော်ဝေမှ Telenor တို့ကလည်း လိုင်စင်ရယူလုပ်ကိုင်ကြရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် CDMA, WCDMA SIM ကတ်များကို လာမည့် ဧပြီ ၂၄ ရက်တွင် တစ်ခုလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ရောင်းချသွားရန် သက်ဆိုင်ရာက ကြေညာထားပြီဖြစ်သည်။ နောက်ပိုင်းတွင် GSM ကတ်များကိုလည်း ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ လူဦးရေသည် ယခုအခါ သန်း ၆၀ ကျော်ရှိလာပြီဖြစ်သည်။ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းမျှသာ မိုဘိုင်းဖုန်းသုံးစွဲနိုင်ကြသေးကြောင်း သိရသည်။ ယခုအခါ SIM ကတ်များကို ဈေးနှုန်းအချိုသာဆုံးဖြင့် ရောင်းချပေးတော့မည်ဖြစ်၍ မိုဘိုင်းဖုန်းသုံးစွဲမှု တစ်ဟုန်ထိုး မြင့်တက်နိုင်မည်ဖြစ်သည်။

မြန်မာမိုဘိုင်းဖုန်း ဈေးကွက်အတွင်း ပြည်ပကုမ္ပဏီကြီးများ လိုင်စင်ရယူလုပ်ကိုင်ရန် အပြိုင်ကြိုးပမ်းလာကြသည့်အတွက် မြန်မာ့မိုဘိုင်းဖုန်းလုပ်ငန်းသည်လည်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။ (မြန်မာ့အလင်း)

▲ ကျောဖုံးမှ

နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အမှာစကားပြောကြားရာတွင် ဦးသန့်သည် မြန်မာနိုင်ငံသားမက နိုင်ငံတကာမှ ခေါင်းဆောင်များက လေးစားတန်ဖိုးထားသူဖြစ်ကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးသာမက ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း ဦးစွာဆောင်ရွက်ခဲ့သူများတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း၊ နောင်မျိုးဆက်သစ်များအတွက် ဦးသန့်ထားခဲ့သောအမွေမှာ လူသားဆန်သောတန်ဖိုးများပင်ဖြစ်ကြောင်း၊ ဦးသန့်သည် အသားအရောင်၊ လူမျိုး၊ ဘာသာ၊ နိုင်ငံရေးအခြေခံယုံကြည်မှုများအားမခွဲခြားဘဲ လူသားဆန်သောတန်ဖိုးများဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ ပဋိပက္ခများဖြေရှင်းဆောင်ရွက်မှုများဖြင့် သက်သေပြခဲ့ကြောင်း၊ ယနေ့ကာလ ငြိမ်းချမ်းရေးတည်ဆောက်သူများအတွက် ဦးသန့်သည် စံပြပုဂ္ဂိုလ်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်သည် ရေရှည်အကောင်အထည်ဖော်သွားရမည့် ခရီးဖြစ်ပြီး လူသားတန်ဖိုးကို အခြေခံ၍ ငြိမ်းချမ်းဖွံ့ဖြိုးသော ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းလာအောင်အတူတကွ လျှောက်လှမ်းကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဦးသန့်သည် ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်တစ်ဦး၊ မြန်မာမျိုးချစ်တစ်ဦးလည်းဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် အလုပ်တာဝန်များ ထမ်းဆောင်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ယခုနေအိမ်၌နေထိုင်ကာ မြန်မာပြည်သူလူထုအတွက် ကောင်းမွန်သာယာသော တိုင်းပြည်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ရန်ကုန်မြို့အနေဖြင့် ဦးသန့်၏ဘဝနှင့်အလုပ်များကို ချီးကျူးဂုဏ်ပြုခွင့်ရပြီဖြစ်၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးသန့်နေအိမ်နှင့် ပြတိုက် ဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေကို Yangon Heritage Trust တည်ထောင်သူနှင့်ဥက္ကဋ္ဌ ဦးသန့်မြင့်ဦးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဦးသန့်နေအိမ်နှင့် ပြတိုက်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဦးသန့်နေအိမ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်၏သမီး ဒေါ်အေးအေးသန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နေအိမ်အတွင်း ပြသထားသည့် ဦးသန့်၏ ဘဝနှင့်လုပ်ဆောင်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးသန့်၏ နေအိမ်နှင့်ပြတိုက်သည် ဦးသန့်၏ဘဝနှင့် ဦးသန့်ဆောင်ရွက် ခဲ့သောတာဝန်ဝတ္တရားများအကြောင်းကို လေ့လာနိုင်မည့်အပြင် U Thant Institute မှ စီစဉ်ဆောင်ရွက်လျက်ရှိသော ပညာပေးအစီအစဉ် Program များနှင့် ပူးတွဲ၍ အများ ပြည်သူပါဝင်တက်ရောက်လေ့လာ နိုင်မည့် နေရာတစ်ခုအဖြစ် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်သည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဦးသန့်နေအိမ်နှင့်ပြတိုက်တွင် ပြသထားသည့် ဦးသန့်၏ ဘဝနှင့်လုပ်ဆောင်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသား ဦးသန့် ၁၉၀၉-၁၉၇၄ သည် ကုလသမဂ္ဂအဖွဲ့ကြီး၏ တတိယမြောက် အတွင်းရေးမှူးချုပ်ဖြစ်ပြီး အာရှတိုက်သားများထဲမှ ပထမဦးဆုံး ပေါ်ထွက်လာခဲ့သော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဖြစ်သည်။ ဦးသန့် တာဝန်ယူခဲ့ရသည့် ၁၉၆၁-၁၉၇၁ ကာလသည် ကမ္ဘာပေါ်တွင် အရှေ့-အနောက်အုပ်စုကြီး နှစ်ခု၏ စစ်အေးတိုက်ပွဲ အရှိန်မြင့်နေသည့် ကာလဖြစ်သည်။ ယင်းကာလအတွင်း ကျူးဘားဒုံးပျံအရေးအားဖြေရှင်းပေးနိုင်၍ တတိယကမ္ဘာစစ်ဖြစ်နိုင်သည့် အလားအလာများကို ရှောင်လွှဲနိုင်ခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးသံတမန်၊ ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာဟု ကမ္ဘာတစ်ဝန်းလုံးက အားကျလေးစားခဲ့ရသော ဦးသန့်၏ ပြတိုက်အား ဦးသန့်နေထိုင်သွားခဲ့သည့် အမှတ်(၃၁) ပန်းဝါလမ်း ကမာရွတ်မြို့နယ် နေအိမ်တွင် ပြန်လည်ဖွင့်လှစ် ပြင်ဆင်နေသောကြောင့် မြန်မာ့အလင်း သတင်းစာအဖွဲ့သည် ဦးသန့် နေထိုင်ခဲ့ရာ ဦးသန့်ပြတိုက်သို့ သွား ရောက်၍ ဦးသန့်၏သမီးကြီး ဒေါ်အေးအေးသန့်နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ ကမ္ဘာ့အလယ်မှာ မြန်မာလို့ ဂုဏ်ယူဝင့်ကြွားခွင့်ရခဲ့တဲ့ ဦးသန့်ပြတိုက်ကို ဖွင့်ခွင့်ရခဲ့တယ်ဆိုတော့ သမီးတစ်ယောက်အနေနဲ့ အန်တီ ခံစားမှု အမြင်လေးသိပါရစေ။

ဖြေ။ ။ အတိုင်း မသိအောင်ကြည်နူးတာပေါ့။ သမ္မတကြီးကို ကျေးဇူးအလွန်တင်ပါတယ်။ အန်တီတို့၂၀၀၂ ဩဂုတ် ၅ ရက်နေ့မှာ အဖေ့အတွက် ဆွမ်းလာကပ်တယ်။ အိမ်ကြီးက တော်တော့်ကို ပျက်စီးနေပြီ။ တောကြီးဖြစ်နေပြီး မြွေတွေ၊ ခြတောင်ပို့တွေနဲ့။ အပေါ်ထပ်အိပ်ခန်းကိုတက်ဖို့ လှေကားကြီးလည်း မကောင်းတော့ဘူး။ အန်တီတို့ မိသားစုထွက်သွားတာ ၁၉၅၇ ကတည်းကဆိုတော့လေ။ အန်တီတို့သား ဒေါက်တာသန့်မြင့်ဦးက သမ္မတကြီးဆီမှာ ပြတိုက်လုပ်ဖို့ ခွင့်တောင်းတော့ သမ္မတကြီးကချက်ချင်းပဲခွင့်ပြုတယ်။ အိမ်ကိုသွားမယ့် အဝင်လမ်းလေးကိုလည်း ဦးသန့်လမ်းလေး လုပ်ဖို့ ဝန်ကြီးချုပ်ကလည်း ပြောပါတယ်။

မေး။ ။ ဒီအိမ်ကြီးမှာနေခဲ့တဲ့ အမှတ်တရလေးတွေ ပြောပြပေးပါလား အန်တီ။ ဒီအိမ်စရောက်တုန်းက ဦးသန့်က ဘာတာဝန်ယူထားတာလဲခင်ဗျာ။

ဖြေ။ ။ အဖေက အတွင်းဝန်အနေနဲ့ ပြောင်းလာတာပါ။ ညနေဘက်တွေဆို အဖေ့ဆီ ဝန်ကြီးချုပ်ဦးနုဖုန်းဆက်ရောက်ရောက်လာပြီးဒီအိမ်လေးကနေ အဖေနဲ့ဦးနု လမ်းလျှောက်ထွက်တာတော့ အမှတ်ရစရာပေါ့။ ဒီအိမ်ကြီးမှာ နေခဲ့ဖူးတဲ့ မောင်လေး တင်မောင်သန့်ကတော့ ၁၉၆၂ မှာ မြန်မာပြည်အလည်လာရင်း ဘတ်စ်ကားပေါ်က ပြုတ်ကျ ကွယ်လွန်ခဲ့ပါတယ်။ အိမ်ကြီးမှာနေခဲ့တာတော့ အဖေရယ်၊ အမေရယ်၊ အဘိုးရယ်၊ အဘွားရယ်၊ မောင်လေးရယ်၊ အန်တီရယ် ခြောက်ယောက်ပါ။

ဦးသန့်၏သမီး ဒေါ်အေးအေးသန့် သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားစဉ်။
(သတင်းစဉ်)

မေး။ ။ ဟုတ်ကဲ့ပါ အန်တီ၊ ပြတိုက်လုပ်ပြီဆိုတော့ ရည်ရွယ်ချက်နဲ့ အန်တီဖြစ်ချင်တာလေး ပြောပြပါလား။

ဖြေ။ ။ ပြတိုက်ဆိုပေမယ့် ဟိုအရင်ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေ ပြန်သုံးသပ်ဆင်ခြင်ပြီး အခုခေတ်လူငယ် နောင်လာနောက်သားတွေ အကျိုးရှိစေမယ့်ပညာပေး Program တွေ၊ Project တွေ၊ စကားပြောပွဲတွေထိလုပ်နိုင်အောင် မျှော်လင့်ပါတယ်။ ဖြစ်ချင်တာလေးကတော့ U THANT INTERNATION SCHOOL OF ART AND SCIENCE လေးလောက်တော့ ဖြစ်စေချင်တာပေါ့။

မေး။ ။ ပြတိုက်ကို ဘယ်တော့လောက် စဖွင့်နိုင်မလဲအန်တီ၊ ဒီပြပွဲလေးကကော ဘယ်လောက်အထိ လုပ်မှာလဲအန်တီ။

ဖြေ။ ဒီပြပွဲလေးကို မေ ၁၁ ထိ လုပ်မှာပါ။ ပြတိုက်အနေနဲ့တော့ ရှေးမူမပျက်အောင် ပြုပြင်ထိန်းသိမ်းထားချင်တာကြောင့် အများကြီးပြင်ဆင်ရမှာမို့ အောက်တိုဘာလောက်ဆို ပြတိုက်လေး ဖြစ်မှာပါ။

မေး ။ ဖခင်ဦးသန့်က အန်တီတို့ကို ဘယ်လိုသွန်သင်တယ်ဆိုတာလေး ပြောပေးပါလား။

ဖြေ ။ အဖေက ဘယ်လိုလုပ် ဘယ်လိုပြောဆိုတာထက် သူဘယ်လိုလုပ်နေတယ်ဆိုတာပဲသင်ပေးသွားတယ်။ အမှားအမှန် ဝေခွဲနိုင်ဖို့ သင်ပေးတယ်။ မိသားစုကို ဂရုစိုက်တယ်။ အလုပ်ရှုပ်နေတယ်။ လုပ်နေတဲ့ အလုပ်နဲ့ ပြဿနာတွေအများကြီးပဲ၊ လာမပြောနဲ့ဆိုတာမရှိဘူး။ မိသားစုအတွက် အချိန်ပေးတယ်လေ။

မေး။ ကျေးဇူးတင်ပါတယ်အန်တီ။ နောက်ဆုံးအနေနဲ့ ဦးသန့်အကြောင်းလေးပြောပေးပါ။

ဖြေ။ အဖေ့ရဲ့ ကြိုးပမ်းမှုကြောင့် တတိယကမ္ဘာစစ်မဖြစ်ခဲ့ဘူး။ သူ့ရဲ့ Program တွေက မှန်လာတယ်။ ဆင်းရဲချမ်းသာကွာဟမှုတွေ လျော့ကျအောင် လုပ်ဆောင်ခဲ့တာတွေ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီးလုပ်ခဲ့တာတွေရှိတယ်။ ပညာရေးဟာ အရေးကြီးတယ်လို့ ယုံကြည်ထားပြီး ပညာရေးဟာ အကျင့်စာရိတ္တမဏ္ဍိုင်တည်ဆောက်နိုင်မယ့် ပညာရေးဖြစ်ဖို့ လိုအပ်တယ်လို့ ပြောခဲ့တာလေးတွေ အမှတ်ရပါတယ်။

ဟုတ်ကဲ့ဖြေကြားပေးတဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏သမီး အန်တီဒေါ်အေးအေးသန့်ကို မြန်မာ့အလင်းက ကျေးဇူးတင်ပါတယ်။

အပြန်တွင် ဦးသန့်ပြတိုက် ဖြစ်လာမည့် ဦးသန့်အိမ်ကို ငေးကြည့်မိပါသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ မြန်မာနိုင်ငံသား ဦးသန့် ပါလားဟု တွေးရင်းဘေးတစ်ဖက် တစ်ချက်တွင် စိုက်ထားသော စက္ကူပန်းပင်လေးများကို ငေးကြည့်ကာ ဒါကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဦးသန့် လမ်းလျှောက်ခဲ့ဖူးတဲ့ နေရာလေးဖြစ်ပေလိမ့်မည်ဟု မှန်းဆနေမိပါသည်။

ရဲခေါင်ညွှန့်(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်မှတိမ်ထူထပ်မည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ဆိုင်းဘုတ်ကိုင်အမျိုးသမီး Volunteer များအဖြစ် ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ကမ်းလှမ်းခြင်း

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံအသီးသီးကိုယ်စားပြုဆိုင်းဘုတ်ကိုင် အမျိုးသမီး ၁၁ ဦးနှင့် ပိတ်ပွဲအခမ်းအနားတွင် အားကစားနည်း ၃၃ နည်း ကိုယ်စားပြုဆိုင်းဘုတ်ကိုင် အမျိုးသမီး ၃၃ ဦးကို Volunteer ကိုယ်တိုင် ဆန္ဒပြုသူအဖြစ် ရွေးချယ်တာဝန်အပ်နှင်းရန် ရှိပါသည်။

၂။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အလှည့်ကျဆောင်ရွက်သော အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်မိန်းကလေးများ ပါဝင်ဆောင်ရွက်စေလိုသောစေတနာဖြင့် ဖိတ်ခေါ်ခြင်းဖြစ်ရာ ဆိုင်းဘုတ်ကိုင်အမျိုးသမီးများအဖြစ် Volunteer ဆောင်ရွက်ရန် စိတ်ဝင်စားသူ အမျိုးသမီးငယ်များသည် ဖော်ပြပါလိုအပ်သော အရည်အချင်းများနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေး၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့များသို့ လူကိုယ်တိုင် သွားရောက်ဆက်သွယ်၍ စာရင်းသွင်းအရွေးချယ်ခံရန် ဖိတ်ခေါ်ပါသည်-

(က) မြန်မာတိုင်းရင်းသူဖြစ်ရမည်။
(ခ) ရုပ်ရည်ပြေပြစ်ချောမောသူ အပျိုဖြစ်ရမည်။
(ဂ) ခန္ဓာကိုယ်အချိုးအစားပြေပြစ်သူ ဖြစ်ရမည်။
(ဃ) အရပ် ၅ ပေ ၄ လက်မ ရှိရမည်။
(င) အသက် ၁၈ နှစ်မှ ၂၂ နှစ်အတွင်းဖြစ်ရမည်။
(စ) တက္ကသိုလ်ကျောင်းသူ (သို့မဟုတ်) ဘွဲ့ရရှိသူဖြစ်ရမည်။
(ဆ) အင်္ဂလိပ်ဘာသာစကားအသင့်အတင့်ပြောဆိုနိုင်သူ ဖြစ်ရမည်။
(ဇ) မြန်မာဆန်သောအသားအရောင်ရှိရမည်။
(ဈ) ဆံပင်အနက်ရောင်ဖြစ်ရမည်။
(ည) လှယဉ်ကျေးမယ်ဝတ်စုံဖြင့် (၁)လအတွင်း ရိုက်ကူးထားသော (၆×၄)လက်မအရွယ်ရှိ ကိုယ်လုံးပေါ်ဓာတ်ပုံရှေ့တည့်တည့် တစ်ပုံ၊ ဘေးစောင်းတစ်ပုံနှင့် (၆×၄)လက်မအရွယ်ရှိရှေ့တည့်တည့်မှ ရိုက်ကူးထားသော ကိုယ်တစ်ပိုင်းပုံ တစ်ပုံ။

၃။ လာရောက်ဆက်သွယ်သူ လူငယ်ကျောင်းသူလေးများကို စာရင်းမှတ်တမ်းသွင်း၍ လိုအပ်သလိုကူညီမှုပေးပါရန် သက်ဆိုင်ရာအမျိုးသမီးရေးရာအဖွဲ့သို့ မေတ္တာရပ်ခံအပ်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြား

၈-၄-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၀ ကျန်းမာဖို့ အတူကစားစို့
၆း၃၅ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ/အက
၆း၄၅ ပြည်သူ့နီတိ **ပြောလိုက်ပါ့မယ်** ချစ်ဖွယ်၊ ဒေါ်မြခက်၊ ဒေါ်ထား (ဒါရိုက်တာ-မိုးဇော်ကို)
၇း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၇း၂၀ ပြည်သူတို့ရဲ့စကားသံ
၇း၃၅ **ပန်းပင်ကိုပျိုး ပန်းမိုးရွာစေ** (အပိုင်း-၅)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၈း၂၀ Sea Game Go For Gold (ခြင်းလုံး)
၈း၄၀ ခါသကြန်အဆို အကများ
၉း၀၀ ပြည်တွင်းသတင်း+ နိုင်ငံတကာသတင်း
၉း၂၀ **လီယိုကို လျှို့ဝှက်သင်္ကေတ** (ကာတွန်း)
၉း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ် နေ့ရက်များ** (အပိုင်း-၃၇)
၁၀း၀၀ ပြည်တွင်းသတင်း
၁၀း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ် နေ့ရက်များ** (အပိုင်း-၃၇)

နေ့လယ်ပိုင်း

၁၁း၀၀ ရင်ခုန်လက်ကမ်း တေးသစ်လမ်း
၁၁း၅၀ ခါသကြန်အဆို အကများ
၁၂း၀၀ ပြည်တွင်းသတင်း+ နိုင်ငံတကာသတင်း+ မိုးလေဝသ သတင်း
၁၂း၃၀ ဆေးရောင်စုံရုပ်ရှင် **ကောင်းချစ်တဲ့မမ** (ပထမပိုင်း) ကျော်သူ၊ ခင်သန်းနု၊ ဆွေဇင်ထိုက်၊ ဆုမြတ်နိုင် (ဒါရိုက်တာ-ကျော်သူ)
၁၃း၀၀ ပြည်တွင်းသတင်း
၁၃း၁၅ ဆေးရောင်စုံရုပ်ရှင် **ကောင်းချစ်တဲ့မမ** (ဒုတိယပိုင်း) ကျော်သူ၊ ခင်သန်းနု၊ ဆွေဇင်ထိုက်၊ ဆုမြတ်နိုင် (ဒါရိုက်တာ-ကျော်သူ)
၁၄း၀၀ ပြည်တွင်းသတင်း

ညပိုင်း

၁၆း၀၀ ပြည်တွင်းသတင်း
၁၆း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဦးပုံပြင်** (အပိုင်း-၂)
၁၆း၂၅ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ/အက
၁၆း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၆း၅၀ Road to 27th SEA Games (ပန်ကြပ်ဆီလတ်)
၁၇း၀၀ ပြည်တွင်းသတင်း
၁၈း၀၀ ပြည်တွင်းသတင်း+ မိုးလေဝသသတင်း
၁၈း၂၀ SEA Games ဇာတ်လမ်းတို **တစ်ချိန်က မှတ်တမ်း** နေတိုး၊ စူးရှ၊ ယုသန္တာတင်၊ ခင်လေးဆွေ (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၉း၀၀ ပြည်တွင်းသတင်း
၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုမငြီးတဲ့ ချစ်သမီး** (အပိုင်း-၃၅)
၂၀း၀၀ ပြည်တွင်းသတင်း+
၂၀း၃၅ People Talk
၂၁း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း
- ရယ်စရာတစ်ကွက်စာ
- **A(H_5N_9)** တုပ်ကွေးရောဂါ အကြောင်း ဆွေးနွေးခန်း -အိန္ဒိယရုပ်ရှင် **မီးလျှံကြားက အလွဲများ** (ဇာတ်သိမ်း)

ထူးခြားသည့် နေ့အပူချိန်များ

၇-၄-၂၀၁၃

ချောက်မြို့
၄၄ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့
၄၂ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်များ

၇-၄-၂၀၁၃

သထုံမြို့
၀ ဒသမ ၂၈ လက်မ
ပေါင်မြို့
၀ ဒသမ ၂၀ လက်မ
မုဒုံမြို့
၀ ဒသမ ၁၆ လက်မ

မည္သူမေလ့ႏွင့္အာသက်မြန်မာပြည်သတင်း

ဒီပဲယင်းနွေစပါးများအတွက် မြေအောက်ရေအကျိုးပြု

ဒီပဲယင်း မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်သည် သဖန်းဆိပ် ဆည်ရေသောက်ဧရိယာ၌ပါဝင်ပြီး နှစ်စဉ် နွေစပါးစိုက်ပျိုးဧက ၆၀၀၀၀ ကျော်နှင့် မိုးစပါးစိုက်ဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့သည့် မြို့နယ်ဖြစ်သည်။

၂၀၁၂ ခုနှစ် မိုးတွင်းကာလအတွင်း မိုးရွာသွန်းမှုလျော့နည်းခဲ့၍ သဖန်းဆိပ် ဆည်ရေသိုလှောင်မှုပမာဏ လျော့နည်းခဲ့သဖြင့် ၂၀၁၃ ခုနှစ် နွေစပါးစိုက်ပျိုးရာသီချိန်တွင် ဒီပဲယင်းမြို့နယ်အနေဖြင့် စိုက်ပျိုးဧက ၁၀၀၀၀ ကျော်လျာထားသတ်မှတ်ခဲ့၍ တောင်သူများသည် ငါးပေါက်တွင်းများတူးပြီး မြေအောက်ရေဖြင့် နွေစပါး၊ နွေနှမ်းများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသည်။ နွေစပါးစိုက်ပျိုးခြင်းဖြင့် ယခုနှစ်နှစ်တွင် စပါးဈေးသည် တင်း ၁၀၀ လျှင် ငွေကျပ်ခြောက်သိန်းကျော်ရှိနေ၍ တောင်သူများအတွက် ကုန်ကျစရိတ်ကာမိသည့်အပြင် စီးပွားရေးတွက်ခြေကိုက်မည်ဖြစ်ကြောင်း အုန်းတပင်ကျေးရွာမှ မြေအောက်ရေဖြင့် နွေစပါးစိုက်တောင်သူ ဦးဖိုးနွယ်က ရှင်းပြသည်။

(မြို့နယ်ပြန်/ဆက်)

မြို့ပြနှင့် ကျေးလက်ဆက်သွယ်ရေးတံတားပြီးစီး ဒေသထွက်ကုန်များ လျင်မြန်စွာ သယ်ပို့နိုင်

ကသာ မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးနှင့် အဖွဲ့ဝင်များသည် ကသာမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးရန် မေ ၅ ရက် နံနက်ပိုင်းက ကသာမြို့သို့ရောက်ရှိလာကြောင်း သိရှိရသည်။ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ကသာမြို့ တောင်ဘက်ရှိ မြို့ပြနှင့်ကျေးလက် ဆက်သွယ်သည့် အေးသုခတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို နေ့လယ်ပိုင်းတွင် သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရသည်။

အေးသုခသစ်သားတံတားကြီးမှာ အလျား ပေ ၁၂၀၊ အနံ ၁၄ ပေ၊ အမြင့် ၂၅ ပေရှိပြီး တံတားရေရှည်တည်တံ့ကြံ့ခိုင်ရေးအတွက် သံမဏိသံပေါင်ကြီး လေးခုတပ်ဆင်တည်ဆောက်ထားသဖြင့် တံတားခံနိုင်ဝန် ၁၃ တန်ဖြစ်ကြောင်း သိရှိရသည်။ တံတားတည်ဆောက်ရေးအတွက် စည်ပင်သာယာထည့်ဝင် ငွေကျပ် ၇၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း၂၀၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားကြီးကို ဇန်နဝါရီ ၂၅ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး မတ် ၂၇ ရက်တွင် ပြီးစီး၍ လူနှင့်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိကြောင်း တွေ့ရှိရသည်။

တံတားကြီး ပြီးစီးသွားသဖြင့် ကသာမြို့တောင်ဘက်ရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ ဒေသထွက် ကုန်စည်များကို ကသာမြို့သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ပြီး ကသာမြို့သို့ လာရောက်ပညာသင်ကြားသည့် ကျောင်းသား ကျောင်းသူများအတွက် ပိုမိုအဆင်ပြေမှုရှိကြောင်း သိရှိရသည်။

စမ်းဦး(ကသာ)

မီးလောင်ပျက်စီးသည့် နေအိမ်များ ပြန်လည်ကြည့်ရှု

မိတ္ထီလာ မေ ၇

မိတ္ထီလာမြို့ ယာယီဒုက္ခသည် ကယ်ဆယ်ရေးစခန်းများရှိ မိသားစုဝင်များအား မီးလောင်ပျက်စီးသွားသည့် ၎င်းတို့၏နေအိမ်အဆောက်အအုံများကို ပြန်လည်ကြည့်ရှုစစ်ဆေးခွင့်ကို အလှည့်ကျစနစ်ဖြင့် စနစ်တကျခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် မေ ၆ ရက် နံနက်ပိုင်းက ခရိုင်အားကစားကွင်း ယာယီဒုက္ခသည်ကယ်ဆယ်ရေးစခန်းမှ မိသားစု ၁၄၀ အား မိသားစုတစ်စုလျှင် နှစ်ဦးခွင့်ပြု၍ မိသားစုဝင်စုစုပေါင်း ၂၈၀ အား မီးလောင်ပျက်စီးသွားသည့် သီရိမင်္ဂလာရပ်ကွက်ရှိ ၎င်းတို့၏နေအိမ်အဆောက်အအုံများကို ပြန်လည်ကြည့်ရှုစစ်ဆေးခွင့်ပြုသည်။ အဆိုပါမိသားစုများ၏ နေအိမ်အဆောက်အအုံများ ပြန်လည်ကြည့်ရှုစစ်ဆေးသည့်လမ်းတစ်လျှောက်နှင့် နေအိမ်ရပ်ကွက်ဧရိယာများတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မုံရွာ မင်္ဂလာဦးကုန်စုံဆိုင် မီးလောင်မှုဖြစ်ပွား

မုံရွာ မေ ၇

မုံရွာမြို့ အောင်မင်္ဂလာရပ်အမှတ် ၁ လမ်းနှင့် ပြည်ထောင်စုလမ်းထောင့် မင်္ဂလာဦးကုန်စုံဆိုင်တွင် မီးလောင်မှုတစ်ရပ် မေ ၆ ရက် ည ၈နာရီခွဲက ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါကုန်စုံဆိုင်မှာ RC သုံးထပ်တိုက်ဖြစ်ပြီး ဝိုင်ယာကြိုးအပူလွန်ကဲရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ ဆိုင်ပိုင်ရှင်၏ သားဖြစ်သူက ငြိမ်းသတ်ခဲ့သော်လည်း ဆက်လက်လောင်ကျွမ်းခဲ့ပြီး မုံရွာမြို့ ဗဟိုမီးသတ်မှ မီးသတ်ယာဉ်ကိုးစီး၊ သန္ဓေမီးသတ် ၁၉ ဦး၊ အရန်မီးသတ် ၆၀ တို့က သတင်းရရချင်းသွားရောက်ငြိမ်းသတ်ရာ ည ၉ နာရီ ၁၀ မိနစ်တွင် မီးညွန့်ကျိုးသွားကာ နောက်နာရီဝက်ခန့်တွင် လုံးဝငြိမ်းသတ်နိုင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သက်ဆိုင်ရာ၏ ပြောကြားချက်အရ သိရသည်။ ယင်းမီးလောင်ရာသို့ စည်ပင်ရေသယ်ယာဉ်တစ်စီး၊ ဆည်/မြောင်းဌာနမှ ရေသယ်ယာဉ်တစ်စီး၊ မီးသတ်ဌာနမှ ရေသယ် ယာဉ်တစ်စီး၊ ရဲအင်အား ၄၀ ခန့်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများဝိုင်းဝန်းငြိမ်းသတ်ပေးခဲ့ကြခြင်းဖြစ်ပြီး မီးလောင်ပျက်စီးမှုဖြစ်ပွားခြင်းကြောင့် နေအိမ် ၁၀ သိန်းဖိုးခန့်နှင့် အိမ်တွင်းပစ္စည်း ၁၂ သိန်းဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သက်ဆိုင်ရာမှ စုံစမ်းသိရသည်။ **(အံ့ကြီးမောင်)**

မီးဘေးရှောင်
မလောင်ခင်တား

CONGRATULATION TO THE PROVEN TECHNOLOGY INDUSTRY CO., LTD.
TOYO
FOR BEING ACCREDITED WITH ISO 14001:2004 CERTIFICATE
TOYO

Proven Technology Industry Co., Ltd. (TOYO BATTERY) မှ အရည်အသွေးမြင့် ကုန်ပစ္စည်းများကို ခေတ်မီနည်းပညာများဖြင့် ထုတ်လုပ် ဖြန့်ဖြူးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှု (Environmental Management System) ISO 14001:2004 အား အင်္ဂလန်နိုင်ငံ (United Kingdom Accreditation Service) မှ ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရမှုအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆက်လက်၍ ဆထက်ထမ်းပိုးအောင်မြင်တိုးတက်ပါစေကြောင်းအား ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- MAX MYANMAR GROUP OF COMPANIES
- LOI HEIN CO.,LTD.
- NAING GROUP CONSTRUCTION CO.,LTD.
- U MYINT LWIN TRADING CO.,LTD.
- MYANMAR POLYWORLD CO.,LTD.
- SOUTHERN METAL INDUSTRY CO.,LTD.
- LIM FAMILY CO.,LTD.
- AUNG SI LINN INT'L LTD.
- AGD BANK LTD.
- YUPAR THEIKDI INDUSTRIES CO.,LTD.
- GOOD BROTHERS CO.,LTD.
- YANGON METAL INDUSTRY CO.,LTD.
- MYANMAR GREAT STEEL INDUSTRY LTD.
- OCEAN TRADING CO.,LTD.
- STEEL LINE CO.,LTD.

သကြၤန်တွင်းယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲမည်

နတ်မောက် ဧပြီ ၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးရုံး၌ မတ် ၃၁ ရက် မွန်းလွဲ ၂ နာရီက နတ်မောက်မှ ရန်ကုန်-မန္တလေး-နေပြည်တော်-တောင်ကြီး-လားရှိုး-မကွေး ပြေးဆွဲနေသော ယာဉ်လိုင်း ၂၁ လိုင်းတို့မှ ဂိတ်မှူး ၁၃ ဦးတို့နှင့် မထသ တာဝန်ရှိသူများဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ **နတ်မောက်သား**

မတ် ၂၉ ရက်က ဥပ္ပါတသန္တိစေတီ ရွှေသင်္ကန်းကပ်လှူရန်အတွက် ရန်ကုန်မြို့နေ ပါမောက္ခ ဒေါက်တာဦးကြည်စိုး မိသားစုကိုယ်စား နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို)အလုပ်အမှုဆောင်အဖွဲ့ဝင် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းက အလှူငွေကျပ်သိန်း ၁၀၀ ကို ဂေါပကအဖွဲ့ထံသို့ လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးဆွေးနွေး

နေပြည်တော် ဧပြီ ၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ဧပြီ ၃ ရက် နံနက်ပိုင်းတွင် အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး Mr. Charles Collyns နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုများကို အပြီးတိုင် ဖယ်ရှားပေးရေး၊ မြန်မာနိုင်ငံ၏ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကူအညီပေးရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၃ ရက်တွင် ဘရူနိုင်းနိုင်ငံဘုရင် ဆူလ်တန်ဟာဆန်နယ် ဘူကီးယားအား အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများ၊ သုံးပွင့်ဆိုင်ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့်အတူ တွေ့ဆုံဂါရဝပြုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံဒေသ၏ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၄ ရက်တွင် (၁၇)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံဒေသ စီးပွားရေးအလားအလာ၊ အာဆီယံဘဏ္ဍာရေးပေါင်းစည်းမှုလုပ်ငန်းများ ကြီးကြပ်ထိန်းကျောင်းမှု ရုံးတည်ထောင်ရေးလုပ်ငန်းအစီအစဉ်၊ ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်ရေးဆိုင်ရာကိစ္စများ၊ အာဆီယံဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးပေါင်းစည်းရေး၊ လုပ်ငန်းအဖွဲ့အသီးသီးတို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး ဖွဲ့စည်းတည်ထောင်ရေးဆိုင်ရာကိစ္စများနှင့် ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့အပြင် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် US-ASEAN Business Council အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

(၁၇)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး၊ အာဆီယံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး၊ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးနှင့် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ (ပုံမှန်နှင့် အလွတ်သဘော) အစည်းအဝေးတို့ကိုလည်း ကျင်းပခဲ့ရာ အဖွဲ့ဝင်မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းသည် ဧပြီ ၃ ရက်တွင် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ၏ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။ (၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၄ ခုနှစ်ဧပြီလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကျင်းပပြီးနောက် သတင်းစာရှင်းလင်းပွဲကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်္ကြန်ရုံးပိတ်ရက်တွင် ရန်ကုန်-နေပြည်တော် ရာဇာမင်းယာဉ်လိုင်း ညစဉ်ပုံမှန် ၁၀ နာရီ တစ်ပြိုင်တည်း သုံးစီးပြေးဆွဲမည်

နေပြည်တော် ဧပြီ ၇

နေပြည်တော်ရှိ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ သင်္ကြန်ရုံးပိတ်ရက် ခရီးသွားလာမှုအဆင်ပြေစေရန်အတွက် နေပြည်တော်မထသ (အဝေးပြေး)မှ တာဝန်ရှိသူများ၏ စီစဉ်ပေးမှုဖြင့် ဧပြီ ၁၂ ရက်ထိ ပုံမှန်အတိုင်း လိုင်းပေါင်းစုံခရီးစဉ်များကို ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော် မထသ(အဝေးပြေး) မှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ အဝေးပြေးက ဧပြီ ၁၃ ရက်ကနေ ၁၆ ရက်အထိ ယာဉ်လိုင်းများ နားထားမှာဖြစ်တယ်။ ဒါပေမယ့် ရာဇာမင်း ယာဉ်လိုင်းကတော့ သင်္ကြန်ရက်အတွင်း နားရက်မရှိ ပြေးဆွဲပေးသွားမှာပါ။ ၁၇ ရက်နေ့ ကျရင်တော့ နေပြည်တော် အဝေးပြေးယာဉ်လိုင်းများအားလုံး ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲမှာ ဖြစ်ပါတယ်" ဟုပြောသည်။

မြို့မဈေးရှိ ရာဇာမင်းဂိတ်သို့ ဖုန်းဖြင့် မေးမြန်းစုံစမ်းကြည့်ရာ "ရာဇာမင်းလိုင်းက နေပြည်တော်-ရန်ကုန်ခရီးစဉ်ကို ဧပြီ ၁၃ ရက်ထိ ပုံမှန်ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်။ ၁၄၊ ၁၅၊ ၁၆ ရက်ကတော့ တစ်နေ့ကို နှစ်စီးနှုန်းနဲ့ နေ့စဉ် ညနေ ၆ နာရီမှာတစ်စီး၊ ည ၁၀ နာရီမှာ တစ်စီး ပြေးဆွဲပေးသွားမှာဖြစ်ပြီး ၁၇ ရက်မှာတော့ လိုင်းအားလုံး ပုံမှန်အတိုင်း ပြေးဆွဲကြမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ရန်ကုန်-နေပြည်တော် ခရီးစဉ်ကို ဧပြီ ၁၃ ရက်အထိ ပုံမှန်ပြေးဆွဲမည်ဖြစ်ပြီး၊ ၁၄၊ ၁၅၊ ၁၆ရက် များတွင် ညစဉ် ပုံမှန် ၁၀ နာရီ၌ တစ်ချိန်တည်း ယာဉ်သုံးစီးပြေးဆွဲမည်ဖြစ်ကြောင်းသိရသည်။ ဧပြီ ၁၇ ရက်ကို ပုံမှန်အတိုင်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်မထသ (အဝေးပြေး)၏ စီစဉ်ကြီးကြပ်မှုဖြင့် သင်္ကြန်ရုံးပိတ်ရက်အတွင်း ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး အဓိကဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိရာ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အရက်သေစာသောက်စားမူးယစ်ပြီး ယာဉ်မမောင်းရန်၊ ယာဉ်နောက်လိုက် မလိုက်ရန်၊ ခရီးသွားပြည်သူများအား စိတ်အနှောင့်အယှက်မဖြစ်စေရန် ယာဉ်မတော်တဆမှု လျော့နည်းစေရန်နှင့် ပပျောက်စေရန်တို့ကို စနစ်တကျကြပ်မတ်စစ်ဆေးလျက်ရှိကြောင်းနှင့် သင်္ကြန်ရက်အတွင်း ယာဉ်စီးခများမှာ ပုံမှန်ဈေးနှုန်းဖြစ်ကြောင်းလည်း သိရသည်။

ဦးမောင်(သဲကုန်း)

ပြည်တွင်းသတင်း

အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန်   ဧပြီ   ၇

အမေရိကန်ကုန်သည်ကြီးများအသင်း(စင်ကာပူ)နှင့် မဂ်လာမြန်မာတို့ ပူးပေါင်း၍ ဆက်သွယ်ရေးသတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ပြည်သူလူထုအတွက် ထိရောက်ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိစေရန် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် အရေးပါသောလုပ်ငန်းတစ်ရပ်ဖြစ်ရာ လက်တွေ့ကျပြီး ထိရောက်သောမူဝါဒနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးဖော်ထုတ်ရန် ဤအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က အမှာစကားပြောကြားပြီး အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြသော Microsoft British Telecom, Cisco, Motorola, Qualcomm, DFDL, Symantec, VISA တို့က ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် နိုင်ငံတကာ၌ ကျင့်သုံးလျက်ရှိသော ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာစံချိန်စံညွှန်းများကို အဓိကထား၍ ပြောကြားခဲ့သည်။

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ အထောက်အကူပြုစေရန် အလုပ်ရုံဆွေးနွေးပွဲများကို မဂ်လာမြန်မာနှင့် အမေရိကန်ကုန်သည်ကြီးများအသင်းတို့ပူးပေါင်း၍ တစ်လလျှင်တစ်ကြိမ် ကျင်းပရန် စီစဉ်ထားပြီး ယခု အလုပ်ရုံဆွေးနွေးပွဲသည် ပထမဆုံးအကြိမ် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်ရှင်ဖြစ်သူအား ဘီယာလေးဘူးတိုက်ပြီး ရွှေထည်ပစ္စည်းခိုးသူအား ဖမ်းဆီးရမိ

လင်းခေး   ဧပြီ   ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့တွင် ဧပြီ ၁ ရက် မွန်းလွဲ ၂ နာရီက အိမ်ရှင် ဦးလေးဝမ်းကွဲတော်စပ်သူအား ဘီယာလေးဘူးတိုက်ပြီး ၎င်းနေအိမ်အပေါ်ထပ်ရှိ ဗီရိုတွင် သမီးဖြစ်သူ သိမ်းဆည်းထားသော ကာလတန်ဖိုး ငွေကျပ် ၄၅၃၁၀၀၀ ရှိ ရွှေထည် လက်ဝတ်ရတနာပစ္စည်းမျိုးစုံကို ခိုးယူသွားခဲ့သည့် အမှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လင်းခေးမြို့ တောင်ရွာရပ်နေ ဒေါ်ခင်ဖြူဖြူအောင် အသက်(၃၇ နှစ်)အ-မ-က(တောင်ရွာ)က ဧပြီ ၃ ရက်တွင် ရဲစခန်းသို့ လာရောက်တိုင်ချက်ဖွင့်ရာ ဒေါ်ဖြူဖြူအောင်သည် ဧပြီ ၁ ရက် ညနေ စာသင်ကျောင်းမှ နေအိမ်အပေါ်ထပ် နံရံကပ်ဗီရိုတစ်ခု တံခါးပွင့်နေသည်ကိုတွေ့ရ၍ တံခါးကို ပြန်လည်ပိတ်ခဲ့သည်။

ည ၇ နာရီခွဲတွင် ၎င်းသိမ်းဆည်းထားသော ရွှေထည်ပစ္စည်းများပျောက်ဆုံးနေကြောင်း သိရှိရသဖြင့် ဖခင်ဖြစ်သူ ဦးစိုင်းအောင်သိန်းအား“သိမ်းထား

သလား”ဟု မေးကြည့်သောအခါ ဖခင်က ၎င်းသိမ်းဆည်းထားခြင်းမပြုကြောင်း ပြောပြသည်။ မွန်းလွဲ ၂ နာရီခန့်မှာ တစ်ရပ်ကွက်တည်းနေ တူဝမ်းကွဲ စိုင်းဗန်ဒို (၃၇ နှစ်)သည် နေအိမ်သို့ မလာစဖူးအလာထူးစွာဖြင့် ဘီယာလေးဘူးယူလာပြီး ဖခင်ဖြစ်သူအား တိုက်၍ နေအိမ်မှပြန်ထွက်သွားကြောင်း၊ ၁၅ မိနစ်ခန့်အကြာ စိုင်းဗန်ဒိုက နေအိမ်နောက်ဘက်မှ ဝင်လာပြီး ဖခင်ဖြစ်သူအား လိုက်ရှာနေကြောင်းပြောကာ မီးဖိုချောင်ထဲတွင် နေနေသည်ဟု ထင်ရသော်လည်း မည်သည့်အချိန်တွင် မိမိနေအိမ်ပြင်ပသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်ကို မသိရကြောင်းသိရှိရသည်။ ထိုအခါ ဖခင်ဖြစ်သူ၏ ပြောပြချက်အရ အိမ်သို့လာလေ့ လာထမရှိသူ စိုင်းဗန်ဒိုသည် ၎င်း၏ လက်ဝတ်ပစ္စည်း ရွှေထည်များကို ခိုးယူသွားသော မသင်္ကာသူဟု ယူဆသောကြောင့် ယခုကဲ့သို့ တိုင်ချက်ဖွင့်ကြောင်း ပြောကြားသည်။

အဆိုပါဖြစ်စဉ်ကို တိုင်ကြားချက်အတိုင်း လင်းခေးခရိုင် ရဲတပ်ဖွဲ့မှူး ကြီးကြပ်မှုဖြင့် စခန်းမှူးတာဝန် ဒုရဲအုပ်အောင်ကျော်၊ နယ်ထိန်းဒုရဲအုပ် နိုင်ဝင်းတို့ ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် သတင်းအရ ဧပြီ ၆ ရက် နံနက် ၈ နာရီတွင် စိုင်းဗန်ဒိုကို လင်းခေးမြို့ ဟိုနားကျေးရွာရှိ ကြံခြံအတွင်းမှ ဖမ်းဆီးရမိပြီး သက်သေများနှင့်အတူ ၎င်း၏နေအိမ်ကို သွားရောက်ရှာဖွေခဲ့ကြရာ မြေပန်းအိုးထဲတွင် ဝှက်ထားသော အဆိုပါ ရွှေထည်ပစ္စည်းများကိုဖော်ထုတ်ရရှိခဲ့ကြပြီး လင်းခေးရဲစခန်းက ပြစ်မှုဆိုင်ရာဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်းဖော်လတ်(လင်းခေး)

သတင်းအရရှာဖွေရာမှ မူးယစ်ဆေးဝါးဖမ်းဆီးရမိ



မော်လူး   ဧပြီ   ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် စိုးလင်း၊ ဒုရဲအုပ် မင်းသိန်းထွန်းနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့် စဥ့်ခိုးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဦးတို့သည် ဧပြီ ၄ ရက် ညနေ ၅ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးဖမ်းဆီးခွင့် ဝရမ်းအမှတ် ၃/၁၃ ဖြင့် အင်းတော်မြို့နယ် ပုန်းဟုန်ကျေးရွာအုပ်စု စဥ့်ခိုးကျေးရွာနေ ဖိုးသီး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိပ်ရာပေါ်မှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် ၀ ဒသမ ၃ ဂရမ်ခန့်ပါ ပင်နီဆီလင်တစ်လုံး၊ ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့် အလေးချိန် ၀ ဒသမ ၂ ဂရမ်ခန့်ပါ ပင်နီဆီလင်တစ်လုံး စုစုပေါင်း အလေးချိန် ၀ ဒသမ ၅ ဂရမ်ခန့်နှင့်အတူ တိုက်ငါးလုံးတံဆိပ်ပါ သတ္တုဘူးခွံတစ်ခုတို့အား Red Ruby စီးကရက်ဘူးခွံအတွင်း ထည့်လျက်တွေ့ရှိ၍ သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့ပြီး နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စိုးလင်းက မူးယစ်ဆေးဝါးဥပဒေအရ အရေးယူပေးပါရန် တိုင်တန်းခဲ့သည်။

အမှုဖြစ်စဉ်နှင့်ပတ်သက်၍ မော်လူးရဲစခန်းက ဖိုးသီးကို အရေးယူဆောင်ရွက်လျက်ရှိပြီး မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့နိုင်ရေး အမှုမှန်ပေါ်ပေါက်ရေးအတွက် အမှုစစ်ဒုရဲအုပ် အောင်အောင်သန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၁၄၉)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ထီးချိုင့်မြို့နယ်အတွင်း မီးလောင်မှုဖြစ်ပွား

ကသာ   ဧပြီ   ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ရေဝကျေးရွာအုပ်စု ဆင်ချွန်းကျေးရွာ၌ ဧပြီ ၃ ရက် နံနက် ၁၀ နာရီခွဲက ဒေါ်လှိုင်နှင့်အတူနေ ဦးထွန်းစိုး၏နေအိမ်မှ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးငြိမ်းသတ်နိုင်

အဆိုပါ မီးလောင်ကျွမ်းရာနေရာသို့ ထီးချိုင့်မြို့မှ မီးသတ်ကားတစ်စီး၊ မီးသတ်ရေစုပ်စက်တစ်လုံးနှင့် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းလေးဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အင်အား ၁၂ ဦး၊ ရပ်ကွက်ကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၂ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင်နှစ်ဦး၊ ပြည်သူ ၃၈၀ စုစုပေါင်း အင်အား ၄၅၀ တို့က ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဆုံးရှုံးခဲ့

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် သက်ကယ်မိုး၊ ထရံကာ နေအိမ်ငါးလုံးနှင့် ပဲမှော်စင်တစ်လုံးတို့ မီးလောင်ကျွမ်းဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)



အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန်

လျှောက်ထားကြောင်း အကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ-၁၁)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၈

ဒေါ်ငွေငွေဝင်း   **လျှောက်သူ**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန် (၁)ရပ်ကွက်၊ မဟော်ဂနီလမ်း၊ ၁၀၃(ခ)၊ အမှတ် (၄၂/က)ရပ်နေ အရွယ်မရောက်သေးသောသူငယ်နှင့် ၎င်းပိုင်ပစ္စည်းအကြောင်း။

အထက်လိပ်စာရပ်နေ ဒေါ်ငွေငွေဝင်းက အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မဥရွှေရည်ဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကိုထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၃ခုနှစ် ဧပြီ ၃၀ရက် (၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက်)တွင် ဆိုင်ဆိုရန် ချိန်းချက်မူသည်။

၂၀၁၃ခုနှစ် ဧပြီ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းရွှေမြင့်)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ဦးထွန်းကြည်ပါ(၉)ဦးတို့ သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အကွက်အမှတ်-၁၉၊ ဦးပိုင်အမှတ်-၅၊ မြေကွက်အမှတ်-၂၅၂၊ အလျား×အနံ(၂၅×၅၀)ပေရှိ မြေပိုင်မြေကွက်နှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် လူကြီးမင်းမှ လက်မှတ်ရေးထိုးပေးရန် လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။ ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ရီစလင်း(စဥ်-၂၅၇၀၃)၊ အထက်တန်းရှေ့နေ
အမှတ်(၇၅၆)၊ သရဖီလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၉၃၁၁၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၃၁၆)ကို မူလအမည်ပေါက် ဒုတပ်ကြပ်မောင်မောင်ညွှန့်ကိုယ်စား ဒေါ်မြင့်မြင့်မှ မြေပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် မြေချပါမစ် (အိမ်ရာဆောက်လုပ်ခွင့်၊ မှီခိုသူစာရင်း) ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

မြေယာရုံးခွဲ(၅+၉)၊ မြောက်ဥက္ကလာပမြို့နယ်

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ဦးထွန်းလင်းအောင်၏ဇနီး ဒေါ်ခေါန်မိုင်(ခ) ဒေါ်ငွေငွေစန်း ၅/ဖပန(နိုင်)၀၃၉၃၇၈သည် ဖျောင်းဖျညှိနှိုင်းပြောဆိုမှုများကို မနာခံခြင်း၊ ခွင့်လွှတ်နိုင်ရန်အကြောင်းမရှိသည့် ငွေကြေးအရှုပ်အရှင်းလုပ်ရပ်များ ပြုလုပ်ခြင်းနှင့် မိသားစုစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ဒေါ်ငွေငွေစန်းနှင့်ပတ်သက်သည့် ကိစ္စများအားလုံးကို တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးထွန်းလင်းအောင် ၅/ဖပန(နိုင်)၀၃၉၃၇၇

အိတ်ဖွင့်တင်ဒါ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
ရန်ကုန်မြို့

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့၏ ရုံးအဆောက်အအုံများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ခွင့်ပြုငွေဖြင့် အဆောက်အအုံပြုပြင်မွမ်းမံခြင်း၊ ဆေးသုတ်ခြင်း၊ ရေလိုင်းမီးလိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ရုံးသုံးစက်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများခေါ်ယူလိုပါသည်။

၂။ တင်ဒါများကို ၁၁-၄-၂၀၁၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၌ တစ်ပြိုင်တည်း ဖွင့်ဖောက်ရွေးချယ်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ စီမံရေးရာဌာနတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် စီမံရေးရာဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါများကို ၁၁-၄-၂၀၁၃ ရက် နံနက် ၁၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆောင်ရွက်ရန်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းအတွက် တင်ဒါပုံစံများ ဝယ်ယူအဆိုပြုတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

သီလဝါဆိပ်ကမ်းဒေသ မြေကွက်အမှတ်(၃)အား BOT စနစ်ဖြင့်
ငှားရမ်းပြီး ကတ္တရာနှင့် ရေနံဆက်စပ်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးရန်
ဆိပ်ခံတံတားနှင့် သိုလှောင်ကန်များ တည်ဆောက်ခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ရင်းနှီးမြှုပ်နှံမည့် လူပုဂ္ဂိုလ်၊ သက်ဆိုင်ရာကုမ္ပဏီ၊ အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင် USD 500 နှုန်းဖြင့် ၁၀-၄-၂၀၁၃ရက်နှင့် ၁၁-၄-၂၀၁၃ရက်များတွင် ရုံးချိန်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၊ မြေညီထပ်ရှိ စာရင်းဌာနတွင် ရောင်းချသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၅၃၃၅၈၊ ၀၁-၃၈၇၁၁၆ Ext- ၃၀၃သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကြော်ငြာ

ဂုဏ်ယူဝမ်းမြောက်ခြင်း

MYANMAR FOOTBALL FEDERATION ESTABLISHED 1947

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF)မှ ပထမဆုံးအကြိမ် ရွေးချယ်ချီးမြှင့်သော ၂၀၁၂ ခုနှစ် အာဆီယံ အကောင်းဆုံး ဘောလုံးအဖွဲ့ချုပ်ဆု (AFF Member Association of the Year 2012) အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ ထိုက်တန်စွာ ရရှိခဲ့ခြင်းအတွက် အထူးပင် ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ် အနေဖြင့် မြန်မာ့ ဘောလုံး တိုးတက် အောင်မြင်ရေးကို ယခုထက် ပိုမိုဆောင်ရွက်ရင်း အောင်မြင်မှုများစွာ ထပ်မံရရှိပါစေကြောင်း ဂုဏ်ယူ ဝမ်းမြောက်စွာ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများ

YUFC 2009
TAGAUNGBORN
KBZ FC
AYEYAWADY UNITED

မြန်မာနေရှင်နယ်လိဂ်(၂) ပြိုင်ပွဲဝင် ကလပ်အသင်းများ

MYAWADY FC
DAGON
BEST UNITED FC

ဂုဏ်ယူဝမ်းမြောက်ခြင်း

MYANMAR FOOTBALL FEDERATION ESTABLISHED 1947

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF)မှ ပထမဆုံးအကြိမ် ရွေးချယ်ချီးမြှင့်သော ၂၀၁၂ ခုနှစ် အာဆီယံ အကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆု (AFF Member Association of the Year 2012) အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ထိုက်တန်စွာ ရရှိခဲ့ခြင်း အတွက် မိမိတို့ စပွန်ဆာများမှ အထူးပင် ဝမ်းမြောက် ဂုဏ်ယူရပါကြောင်းနှင့် မြန်မာ့ ဘောလုံးလောက တိုးတက် အောင်မြင်ရေးကို ယခုထက် ပိုမို ဆောင်ရွက်ရင်း အောင်မြင်မှုများစွာ ထပ်မံရရှိပါစေကြောင်း ဂုဏ်ယူ ဝမ်းမြောက်စွာ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စပွန်ဆာများ

Digicel
Myanmar
Channel 7
NEW HOLLAND AGRICULTURE
BEST AUTO
KBZ BANK
ALPINE
100 PLUS
bumibola
AYEYARWADY BANK
Hotel Ace
FRESH Air Conditioning Systems
Canon
CP
STEEL KING
Value
DAEWOO
PEP
Hotel Yangon
XENON
Ayeyar
Oramin-G
SKY NET WORLD MOVIES
krislite
GOAL
awba
BLUE MOUNTAIN
FLUZA
MAX ENERGY
REDLINK
Calsome

နိုင်ငံတကာအားကစားသတင်း

ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်တို့ ခက်ခဲမယ့် ချန်ပီယံလိဂ်

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွေဖြစ်တဲ့ ဘာစီလိုနာနဲ့ ပီအက်စ်ဂျီ၊ ဂျူဗင်တပ်စ်နဲ့ ဘိုင်ယန်မြူးနစ်တို့ကတော့ ဧပြီ ၁၀ ရက်မှာ ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေကတော့ ပရိသတ် ရင်ခုန်စရာကောင်းတဲ့ပွဲတွေအဖြစ် မြင်တွေ့ကြမှာဖြစ်ပြီး ရသမျိုးစုံနဲ့ပေးစွမ်းနိုင်မယ့် ပွဲစဉ်တွေလည်း ဖြစ်လာမှာ သေချာပါတယ်။

ဘာစီလိုနာနှင့်ပီအက်စ်ဂျီ

ပထမအကျော့မှာ အကြိတ်အနယ်ကစားခဲ့ကြလို့ ပွဲကောင်းတွေဖြစ်ခဲ့တာမို့ ဒီပွဲကိုလည်း ရေကုန်ရေခန်းကစားကြမှာဖြစ်ပါတယ်။ ဘာစီလိုနာတို့အတွက်ကတော့ ဒီပွဲရလဒ်က မဖြစ်မနေ ရလဒ်ပြတ်သားဖို့ လိုအပ်နေပြီး အိပ်မက်တွေ အကောင်အထည်ဖော်နိုင်ဖို့အတွက် မက်ဆီတို့ ကြိုးစားရပါတော့မယ်။ ဒါပေမယ့် မက်ဆီနဲ့ မာရှေးယားနိုတို့ ပါဝင်ဖို့ မသေချာတဲ့ ဘာစီလိုနာဟာ ဘယ်လိုစွမ်းအားတွေနဲ့ အနိုင်ယူမလဲဆိုတာက စိတ်ဝင်စားစရာ ဖြစ်နေပါတယ်။

ဒါပေမယ့် ဘာစီလိုနာမှာ ဇာဗီ၊ အင်နီယေစတာနဲ့ ဖာဘရီဂတ်စ်တို့ကို စနစ်တကျ ပုံဖော်ခင်းကျင်းနိုင်ရင်တော့ ပီအက်စ်ဂျီတို့ အခက်အခဲတွေ့စေမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ပီအက်စ်ဂျီဟာ ဘာစီလိုနာကို ဘယ်လိုကစားရင် ရမလဲဆိုတာ ကောင်းကောင်းသိထားတာမို့ ဘာစီလိုနာတို့ သေသေချာချာ ပြင်ဆင်ကစားမှ ရပါလိမ့်မယ်။

ဘာစီလိုနာဟာ အိမ်ကွင်းဆိုပေမယ့် ပြိုင်ဘက်အသင်းရဲ့ ကစားအားကိုကြည့်ပြီး ထိုးဖောက်ကစားတတ်တဲ့ ပီအက်စ်ဂျီမှာလည်း ဝါရင့်သမ္မာရင့်ကစားသမားဖြစ်တဲ့ ဘက်ခမ်းကို ထည့်သွင်းကစားဖွယ်ရှိနေတာမို့ နည်းပြအန်ဆယ်လော့တီရဲ့ ဗျူဟာကလည်း စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဒီပွဲဟာ အိမ်ရှင်အားသာချက်ရှိတယ်ဆိုပေမယ့် ဧည့်သည် ပီအက်စ်ဂျီရဲ့ စိတ်ဓာတ်ပြင်းထန်မှုကိုလည်း သတိပြုရမှာဖြစ်ပါတယ်။

ဂျူဗင်တပ်စ်နဲ့ဘိုင်ယန်မြူးနစ်

ပထမကျော့မှာ နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့တာမို့ ဒီပွဲမှာတော့ ဂျူဗင်တပ်စ်တို့ရဲ့ တွန်းကန်အားကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဂျူဗင်တပ်စ်ဟာ စတိန်နာ၊ ဗီဒယ်တို့ပွဲပယ်ခံထားရပြီးရှိတဲ့အားနဲ့ဘိုင်ယန်မြူးနစ်ကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်မှာလည်း ဒဏ်ရာကြောင့် ကွင်းလယ်ကစားသမား တိုနီခရစ် မပါနိုင်လို့ ဘိုင်ယန်မြူးနစ်တို့ အားနည်းသွားတာတော့အမှန်ပါပဲ။

ဂျူဗင်တပ်စ်ဟာ ပြတ်သားတဲ့ရလဒ်အတွက် ကြိုးစားမှာ ဖြစ်သလို ဘိုင်ယန်မြူးနစ်တို့ကလည်း မျှော်လင့်ချက်ကြီးမားနေတာမို့ ဒီပွဲဟာ ရသမြောက်ပွဲအဖြစ် ရင်ခုန်ဖွယ်ရာအားပေးကြရမှာဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်

ရာသီမကုန်မီဘိုင်ယန်မြူးနစ်တို့ ဖလားပိုက်ပြီ

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲများကို ဧပြီ ၆ ရက်ညပိုင်းကယှဉ်ပြိုင်ကစားခဲ့ကြရာ ဘိုင်ယန်မြူးနစ်က ဖရန့်ဖတ်အသင်းကို ရှဝိန်းစတိုက်ဂါ၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဘိုင်ယန်မြူးနစ်တို့ ယင်းပြိုင်ပွဲ အနိုင်ရရှိသွားသဖြင့် ရာသီမကုန်မီ ခြောက်ပွဲကစားရန်အလိုတွင် ဖလားဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ လက်ရှိချန်ပီယံဒေါ့မွန်နှင့် ဘိုင်ယန်မြူးနစ်တို့ ရမှတ် ၂၀ကွာနေသည်။ ထို့ကြောင့် ဘိုင်ယန်မြူးနစ်က ရာသီမကုန်မီဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာ တန်းဆင်းဇုန်လွတ်မြောက်

ပရီမီယာလိဂ်ပြိုင်ပွဲများကို ဧပြီ ၆ ရက်က ယှဉ်ပြိုင်ကစားစဉ် အက်စ်တွန်ဗီလာက စတုတ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီးနောက် အက်စ်တွန်ဗီလာတို့ တန်းဆင်းဇုန်မှ လွတ်မြောက်လာသည်။ ရက်ဒင်းနှင့် ဝီဂန်တို့သည် တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရန် ကြိုးစားနေရဆဲဖြစ်သည်။ လက်ကျန်ပြိုင်ပွဲများတွင် အက်စ်တွန်ဗီလာတို့ တန်းဆင်းဇုန်အတွင်း ပြန်မဆင်းရရေး အကြိတ်အနယ်ကြိုးစားကြရလိမ့်မည်ဟု အသင်းတာဝန်ရှိသူများက ပြောသည်။

အာဆင်နယ် စတုတ္ထနေရာတက်လာ

အင်္ဂလိပ်ပရီမီယာလိဂ်ပြိုင်ပွဲများကို ဧပြီ ၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်က ဝက်စ်ဘရွန်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ချယ်လ်ဆီးအထက် စတုတ္ထနေရာသို့တက်လာသည်။ အာဆင်နယ်အတွက် နှစ်ဂိုးစလုံးကို ရိုဆစ္စကီးက သွင်းယူပေးခဲ့သည်။ အာဆင်နယ်သည်ယင်းပွဲအနိုင်ရလိုက်ခြင်းဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်နေရာ စတုတ္ထနေရာရောက်လာပြီး ချယ်လ်ဆီးထက် တစ်မှတ်အသာရထားသည်။ အာဆင်နယ်က ကစားပြီးခဲ့သော ခုနစ်ပွဲတွင် ခြောက်ပွဲမြောက်အနိုင်ရရှိခြင်းလည်းဖြစ်သည်။

ကောင်းမြတ်သူ - ရေးသားသည်

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
Set-top Box များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည်ဖြစ်၍ လိုအပ်သော DVB-T2 Set-top Box များကို နိုင်ငံခြားသုံးငွေ USD ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) **DVB-T2 Set-top Box(Free to Air) 1,000,000 Nos.**

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၄-၂၀၁၃ရက်မှစတင်၍ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ရုံးဖွင့်ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၅-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်းရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၁၃၅

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအက်(စ်)မိုးဇက်(စ်) ၁၃/ကတန(နိုင်)၀၁၈၂၂၃၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် M-475731မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၃၃၁၂၆**

RUBY

GOLDEN STAR

Y.E.S. Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
International English Language Centre

Basic Spoken English	
Mon to Thurs-10:00-12:00am	22,29 Apr
Mon to Thurs-1:00-3:00 pm	22,29 Apr
Sat & Sun -3:00 - 6:00 Pm	27 Apr
Pre-Intermediate English	
Mon to Thurs-10:30-12:30am	1 Apr
Mon to Thurs-5:00-7:00 pm	1 Apr
Sat & Sun - 12:30 - 3:30 Pm	27 Apr
Mon to Thurs-1:00-3:00pm	29 Apr
Intermediate English	
Mon to Thurs-1:00-3:00pm	20 May

Grammar Foundation Course	
Mon to Thurs- 1:00- 2:30 pm	1 Apr
Mon to Thurs- 3:30- 5:00 pm	29 Apr
Basic Writing Course	
Mon to Thurs - 10:00-12:00 am	1 Apr
Sat & Sun - 3:45 - 6:15pm	27 Apr
Structure & Written Expression	
Sat & Sun - 9:00-12:00 am	27 Apr
Mon to Thurs - 5:00-6:30pm	29 Apr

IELTS,IELTS (SPEAKING) ,SAT,API,AWC,TOEFL

No.190, 2nd Flr:,28thSt:(Upper), Pabedan Tsp. ☎ 243950

Ph : 703790,09-861-9008
707062,09-861-7770

သစ်တောသစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

Shwe Mine Yoon Travels & Tours Company Limited
ရွှေမိုင်းယွန်းခရီးသွားလုပ်ငန်း
April 17, May 23
(5 Days & 4 Nights)
(120000) Ks

အထားအသိုး အပိတ်အဆို့များကို ဖယ်ရှားပြီး - လွယ်ကူ ညင်သာ ချောမွေ့သော ခံစားမှုသို့?

မွန်ပြည်နယ် လွှတ်တော်စည်းဝေး

နေပြည်တော် ဧပြီ ၇

ပထမအကြိမ် မွန်ပြည်နယ် လွှတ်တော်ပဉ္စမပုံမှန် အစည်းအဝေး ပထမနေ့ကို ဧပြီ ၄ ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရာ၌ အဆင်ပြေစေရေး စာရင်းတွင် ပြည့်စုံမှန်ကန်အောင်ဖြည့်စွက်ပေး

မော်လမြိုင် ဧပြီ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ဧပြီ ၁ ရက် မွန်းလွဲ ၂ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က မော်လမြိုင်မြို့နယ်နှင့် ဖားအောက် ကျေးရွာမှ သန်းခေါင်စာရင်း ကော်မတီဝင်များနှင့် တွေ့ဆုံပွဲပြုလုပ်ရာ တွေ့ဆုံပွဲသို့ မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ တိုးတိုးအောင်၊ ပအိုဝ်းတိုင်းရင်းသား ရေးရာဝန်ကြီး ဦးခွန်ဖေမြ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကျေးရွာများမှ သန်းခေါင်စာရင်းကော်မတီဝင်များ၊ စာရင်းစစ်နှင့် စာရင်းကောက်များ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့သည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ဧပြီ ၃၀ ရက်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရာတွင် အဆင်ပြေ ချောမွေ့စေရန်အတွက် ယခု ဖားအောက်ကျေးရွာ၌ စမ်းသပ်ကောက်ယူနေခြင်းဖြစ်၍ အားနည်းချက်၊ အားသာချက်များကို သုံးသပ်တင်ပြကြရန် စာရင်းတွင်ပါဝင်သည့် အချက်များကို ပြည့်စုံမှန်ကန်အောင် ဖြည့်စွက်ကြရန်တို့ကို မှာကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကောက်ကွက် အမှတ်(၀၀၂)မှ ကောက်ကွက်မှူး ဒေါ်ခင်စန္ဒာဝင်းက အရန်ကောက်ကွက်အဖွဲ့များ ထားရှိပေးရန်ကိစ္စကို တင်ပြဆွေးနွေးပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဖားအောက်ကျေးရွာ အတွင်း သန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

တင်ထွန်း

မွန်ပြည်နယ် ဆန်ကုန်သည်ကြီးများအသင်းအား ထိုင်းနိုင်ငံလုပ်ငန်းရှင်များ လာရောက်တွေ့ဆုံ

မော်လမြိုင် ဧပြီ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် "ရတနာထွန်း" ပွဲရုံတန်းရှိကုန်စည်ဒိုင်တွင် မတ် ၂၈ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်က မွန်ပြည်နယ် ဆန်ကုန်သည်ကြီးများအသင်းနှင့် ထိုင်းလုပ်ငန်းရှင်များ တွေ့ဆုံခဲ့ရာ တွေ့ဆုံပွဲသို့ ထိုင်းနိုင်ငံမှ New Fertilizer Lid.,Part မှ အရောင်းမန်နေဂျာ Mr. Sayan Mamitrechit ပါ ထိုင်းနိုင်ငံသားနှစ်ဦးနှင့်အဖွဲ့၊ မွန်ပြည်နယ် ဆန်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးတင်မြင့်ဦး၊ အတွင်းရေးမှူး ဦးစိုးမင်းနှင့် အသင်းဝင်များ စုစုပေါင်း ၁၂ ဦးခန့် တက်ရောက်၍ Mr.Sayan Mamitrechit နှင့် ဦးတင်မြင့်ဦးတို့က မြန်မာနှင့်ထိုင်းနိုင်ငံများ၏ ကုန်သွယ်မှု မူဝါဒအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာနှင့် ဆန်စပါးအရည်အသွေးဆိုင်ရာကိစ္စများ၊ ထိုင်းနိုင်ငံတပ်မတော်အတွက်ဆန်ဝယ်ယူလိုသည့် ကိစ္စများကိုဆွေးနွေးကာ ပေါ်ဆန်းမွှေးအမျိုးအစားဆန်ကို နမူနာရယူခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ်ကုန်သည်ကြီးများအသင်း)

ပြစ်ဒဏ်ကျခံလျက်ရှိသော ဘင်္ဂါလီ ၃၈ ဦး ဖော်လမြိုင်ထောင်မှလွှတ်ပြောက်

မော်လမြိုင် ဧပြီ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့ အကျဉ်းထောင် ထောင်မှူးရုံးခန်းကို ပြစ်ဒဏ်ကျခံလျက်ရှိသော ဘင်္ဂါလီလူမျိုး အကျဉ်းသား ၃၇ ဦး၊ အကျဉ်းသူ တစ်ဦး စုစုပေါင်း ၃၈ ဦးတို့အား ဧပြီ ၁ ရက်နံနက် ၇ နာရီ ၅၅ မိနစ်က မွန်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနသို့ လွှဲပြောင်းလက်ခံပွဲ အခမ်းအနားကျင်းပရာ မော်လမြိုင် အကျဉ်းထောင် ခေတ္တထောင်မှူး၊ ဦးစီးအရာရှိ ဦးသိန်းအေး၊ ဒုတိယမြို့နယ်ရဲမှူး အေးမင်း၊ (လဝက)ဦးစီးအရာရှိ အောင်ဇော်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယစုံစမ်းရေးမှူး စိုးဝင်းသန်းနှင့် တာဝန်ရှိသူများ၊ သတင်းတပ်ဖွဲ့များတက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာလွှတ်မြောက်သူ ဘင်္ဂါလီလူမျိုး ၃၈ ဦးတို့ကို ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး ဘင်္ဂါလီလူမျိုးများကို (လဝက)မှ ဦးစီးအရာရှိ အောင်ဇော်ထွန်းနှင့်အဖွဲ့၊ လမ်းခရီးလုံခြုံရေးအတွက် မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှ ဒုရဲမှူး စိုးအောင်နှင့် တပ်ဖွဲ့ဝင်များ လိုက်ပါလျက် မှန်လုံလိုင်းကားဖြင့် ပဲခူးသို့ လိုက်ပါပို့ဆောင်ကာ ပဲခူးမှတစ်ဆင့် ရခိုင်ပြည်နယ်သို့ လွှဲပြောင်းပို့ဆောင်ပေးသွားမည်ဟု သိရသည်။

အဆိုပါ ဘင်္ဂါလီလူမျိုးများသည် ၂၀၁၂ ခုနှစ် ဇွန် ၁၈ ရက် မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၆၃ အရ မော်လမြိုင် အကျဉ်းထောင်၌ ပြစ်ဒဏ်တစ်နှစ်ကျခံနေသော ရခိုင်ပြည်နယ်မှ ဘင်္ဂါလီလူမျိုးများဖြစ်ပြီး ပြစ်ဒဏ်လျှော့ရက်စုစုပေါင်း ၇၅ ရက် ခွင့်ပြုလွှတ်မြောက်သွားကြောင်း သိရှိရသည်။ **(အောက်ပုံ)**

တင်ထွန်း



ထိုင်းခရီးသည်တင်လေယာဉ် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိ

မော်လမြိုင် ဧပြီ ၇

ထိုင်းနိုင်ငံ၊ NOK MINI လေကြောင်းလိုင်းမှ SAAB-304B အမျိုးအစား လေယာဉ်အမှတ်၊ HSGBD သည် ထိုင်းနိုင်ငံ မဲဆောက်မြို့မှ မော်လမြိုင်လေဆိပ်သို့ မတ် ၃၁ ရက် နံနက် ၁၀ နာရီ ၅ မိနစ်ခန့်က ရောက်ရှိခဲ့သည်။ အဆိုပါ လေယာဉ်မှ ထိုင်းစီးပွားရေးလုပ်ငန်းရှင် Jain Charnnarong အပါအဝင် ၂၇ ဦးမှာ မော်လမြိုင်လေဆိပ်တွင်ဆင်းခဲ့သည်။ အဆိုပါလေယာဉ်ခရီးစဉ်ဖြင့် လိုက်ပါလာသည့် စီးပွားရေးလုပ်ငန်းရှင် ၂၇ ဦး အနက် ၂၀ မှာ မော်လမြိုင်မြို့တွင်းသို့ လှည့်လည်လေ့လာ၍ ထိုင်းနိုင်ငံနှင့် မော်လမြိုင်မြို့သို့ လေကြောင်းခရီးစဉ်ပြေးဆွဲနိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံရန် စီစဉ်ထားပြီး ကျန်ခုနစ်ဦးမှာ ဘားအံမြို့သို့ သွားရောက်လေ့လာရန် အစီအစဉ်ရှိကြောင်း သိရှိရသည်။ **(ရွှေမြိုင်သား)**

ရဲတပ်ဖွဲ့ဝင်တစ်ဦး ရေနစ်သေဆုံး

မော်လမြိုင် ဧပြီ ၇

မွန်ပြည်နယ် ကျိုက်ထိုမြို့ တောင်ပိုင်းရပ်ကွက် ကဒချောင်း ညောင်ပင်ရေဆိပ်တွင် မတ် ၃၀ ရက် နံနက် ၇ နာရီခန့်က ကျိုက်ထီးရိုး ရင်ပြင်တော် ရဲစခန်းမှ ဒုတပ်ကြပ် သန့်ဇော် (၃၅ နှစ်) ရေနစ်သေဆုံးကြောင်း သိရသည်။ ၎င်းသည် ကျိုက်ထိုမြို့နယ်ရှိ မြစိမ်းတောင် ဆက်သွယ်ရေးတာဝါတိုင်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်ရာမှ မတ် ၂၈ ရက်က အမှတ်(၂၂) ရဲတပ်ရင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ကျိုက်ထိုရဲစခန်း ဝန်ထမ်းအိမ်ရာရှိ ၎င်းနေထိုင်ရာနေအိမ်သို့ ပြန်လည်ရောက်ရှိနေခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုက်ထိုရဲစခန်းက သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(ရာမညမောင်)

ရေးမြို့နယ်တွင် ယာဉ်တိုက်မှုကြောင့်လူသေဆုံး

မော်လမြိုင် ဧပြီ ၇

မွန်ပြည်နယ် ရေးမြို့နယ် အစင်ကျေးရွာထိပ် ရေး-အစင် ကားလမ်းတွင် မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က အစင်ကျေးရွာဘက်မှ ဂျင်ကလီ(ခ)အောင်ဆန်းမိုး(၂၃ နှစ်) မောင်းနှင်လာသည့် ထော်လာဂျီယာဉ် (လိုင်စင်စိစစ်ဆဲ)နှင့် ရေးမြို့ဘက်မှ အောင်ကိုဦး(၁၉ နှစ်) မောင်းနှင်လာသည့် ဟွန်ဒါဒရင်း ၁၂၅ အမျိုးအစား (လိုင်စင်စိစစ်ဆဲ)ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ပြီး ထော်လာဂျီယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်ယာဉ်မောင်းအောင်ကိုဦးမှာ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရေးမြို့မရဲစခန်းက ဂျင်ကလီ(ခ)အောင်ဆန်းမိုးကို အမှုဖွင့်အရေးယူထားပြီး တရားခံဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်ထွန်း



ကန့်ကွက်နိုင်ပါသည်

ဒေါ်အေးခမ်း ၁၃/လရန(နိုင်)၀၂၉၀၈၃ ပိုင်ဆိုင်သည့် မော်တော်ဆိုင်ကယ် ၂၂ယ/၆၀၅၆၀၏ မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ ကညန(ပြည်နယ်ရုံး၊ လားရှိုး)သို့ မိတ္တူထုတ်ပေးရန် လျှောက်ထားမှုအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်းခိုင်လုံသောအထောက်အထားနှင့် လူကိုယ်တိုင် ရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်အေးခမ်း
၁၃/လရန(နိုင်)၀၂၉၀၈၃

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၃၃၂၉၁၊ Honda C-90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်သက်စိန် ၈/မဘန(နိုင်)၀၃၅၁၄၈ က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မင်းဘူး)

တစ်ဦးတည်းဖြစ်ကြောင်း

မြင်းခြံမြို့နယ်၊ ခေါင်းကွဲကျေးရွာအုပ်စု၊ ကံရွာကျေးရွာနေ ဦးဘထင်၏သား ဦးညို ၉/မခန(နိုင်)၁၁၈၈၂၆ နှင့် ဦးညိုလေးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးညို(ခ)ဦးညိုလေး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၉၁၈၉၁ ဟွန်ဒါဝေ့(ဖ်) NF 100K ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဦး ၁၀/မလမ(နိုင်)၀၀၉၉၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ပြည်နယ်ဦးစီးမှူးရုံး)၊ မော်လမြိုင်မြို့

သားအဖြစ်မှစွန့်လွှတ်ခြင်း

ဦးလှမြင့်-ဒေါ်သန်းသန်းအေးတို့၏သား မောင်မောင်ဦး ၁၂/ဗဟန(နိုင်) ၀၈၈၄၇၈ သည် မိဘပြောဆိုဆုံးမသည်များကို မနာခံဘဲ မိမိသဘောအလျောက်ထွက်သွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။

၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးလှမြင့် ၁၂/တမန(နိုင်)၀၇၁၂၆၄
ဒေါ်သန်းသန်းအေး
၁၂/တမန(နိုင်)၀၈၆၂၃၀

ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ ကွင်းအမှတ်(၁)၊ စစ်တပ်မြောက်ကွင်း၊ ဦးပိုင်အမှတ် ၁၆/၈+၁၆/၂၀ မဖာမေ ၁၃/လရန(နိုင်)၁၀၅၀၇၈အမည်ပေါက် ဂရန်မိတ္တူအသစ်ပြုလုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မဖာမေ
၁၃/လရန(နိုင်)၁၀၅၀၇၈

အမွေခံသားဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ် ပန်ဟိုက်(၁)ရပ်ကွက်နေ ဦးထွန်းရွှေ ၁၃/နမတ(နိုင်)၀၀၂၄၄၂ - ဒေါ်သီတာဦး ၁၃/နမတ(နိုင်)၀၀၂၈၅၄တို့၏သား မောင်ခွန်းချိုထွန်း(ခ)ဂျုံးဂျုံး ၁၃/နမတ(နိုင်)၀၅၆၉၃၇သည် မိဘစကားနားမထောင်ဘဲ မိသားစုစိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်ခဲ့သဖြင့် အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း သိရှိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဖခင် -ဦးထွန်းရွှေ ၁၃/နမတ(နိုင်)၀၀၂၄၄၂၊ မိခင်-ဒေါ်သီတာဦး ၁၃/နမတ(နိုင်)၀၀၂၈၅၄

မိဖုရားစောမွန်လှ တည်ထားကိုးကွယ်သော မြတဘက်စေတီတော်ကြီး စိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော် တင်လှူခြင်းဖိတ်ကြားလွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်တွင်တည်ရှိသော မိဖုရားစောမွန်လှ တည်ထားကိုးကွယ်ခဲ့သော မြတဘက်စေတီတော်မြတ်ကြီးသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် စိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော် ပြန်လည်ပြုပြင်ရန်လိုအပ်လာပါသဖြင့် နဂါးကိုးကောင်ဆရာတော်မှဦးဆောင်၍ မန္တလေးမြို့၊ နိုင်ငံတော်သြဝါဒါစရိယ မြတောင်တိုက် **ရွှေဝါဝင်းကျောင်း**ဆရာတော် ဦးသာသနာဘိဝံသ၊ မန္တလေးတိုင်းဒေသကြီးဥက္ကဋ္ဌ ဦးဝိစိတ္တာဘိဝံသ၊ တိုင်းဒေသကြီးဒုဥက္ကဋ္ဌ ဦးသုနန္ဒဆရာတော်များ၏ သြဝါဒကိုခံယူ၍ ခုနစ်ရက်သား သမီး အပေါင်း၏ အလှူဒါနတို့ဖြင့် ပြန်လည်တည်ထားကိုးကွယ်သော မိဖုရားစောမွန်လှ မြတဘက်စေတီတော်မြတ်ကြီးအား (၁၃၇၅ ခုနှစ် ဦးတန်ခူးလဆန်း ၇ရက် နှစ်ဆန်း ၁ရက်နေ့)၊ ၁၇-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီ မင်္ဂလာအချိန်တွင် စိန်ဖူးတော်၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်တင်လှူပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသည်။

ဘုရားအစ်မ စောမွန်လှ၊ မြနန်းနွယ်၊ နဂါးမယ်တော်ကြီးတို့နှင့် ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်အားလုံး သိုက်သိုက်ဝန်းဝန်း၊ စုံစုံညီညီဖြင့် ကြွရောက်ပြီး ကုသိုလ်တော် အတူဆင်နွှဲကြပါရန် မေတ္တာရှေ့ထား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နဂါးကိုးကောင်ဆရာတော်နှင့်
အကျိုးတော်ဆောင်အဖွဲ့
ဖုန်း-၀၉-၄၀၂၅၂၁၇၅၅၊ ၀၉-၄၃၀၇၂၉၁၀

ပျောက်ဆုံးကြောင်း

ကျွန်မ တင်တင်လှ Passport No. ၈၀၅၈၃၇ ပျောက်သွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၇၃၂၃၇၀၃၉သို့ ဆက်သွယ်ပေးပါ။

ကြော်ငြာ

ဝမ်းမြောက်ဂုဏ်ယူပါကြောင်း နှစ်ဦးဆုမွန်လွှာ

အမက(၁)ဗဟန်း ၂၀၁၂-၂၀၁၃ ပညာသင်နှစ် နိုင်ငံတော်အဆင့် ဆိုကရေးတီးပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး(၇)ဆု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ကျွမ်းဘားအားကစားဆု (၂)ဆု၊ မီနီတင်းနစ်အားကစားဆု(၂)ဆု၊ တိုင်းအဆင့် အားကစားဆု(၂၁)ဆု၊ ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးစံပြထူးချွန်ဆု (၅)နှစ်ဆက်တိုက်ဆုများ၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အလယ်တန်းဆင့် ပညာသင်ဆုကို **မစုရွှေရည်ရွှန်း**အား ဆွတ်ခူးရရှိစေခဲ့ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင်လည်း အလယ်တန်းဆင့်ပညာသင်ဆုကို **မောင်ကောင်းဆက်ပိုင်**အား ထူးထူးချွန်ချွန် ဆွတ်ခူးရရှိအောင် သင်ကြားပြသပေးကြသော **အမက(၁) ဗဟန်း**ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများအား ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆက်လက်ပြီး အောင်မြင်မှုများရရှိနိုင်ပါစေကြောင်း နှစ်ဦးဆုမွန်ကောင်း တောင်းအပ်ပါသည်။

မိဘဆရာအသင်း နာယကကြီးများနှင့် အမှုဆောင်များ
ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌနှင့် အမှုဆောင်များ
အမက(၁)ဗဟန်း

ဖြူးမဟာစည်ရိပ်သာ(ရန်ကုန်)
နွေရာသီသင်္ကြန်အထူးတရားစခန်းဖွင့်မည်

ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး တည်ထောင်သာသနာပြု သီတင်းသုံးတော်မူခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကမာရွတ်ဘူတာ နောက်ကျောဘက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ဆရာတော်စံလွန်တော်မမူခင်ထားရှိတော်မူခဲ့သော သာသနာပြု ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်ကာ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၅)ကြိမ်မြောက် နွေရာသီ မဟာစည်သတိပဋ္ဌာန်ဝိပဿနာ (၁၅)ရက် တရားစခန်းပွဲကို ၁၃၇၄-၇၅ ခုနှစ်၊ တန်ခူးလဆန်း (၂)ရက်(သောကြာနေ့)မှ၊ တန်ခူးလပြည့်ကျော် (၂)ရက်(စနေနေ့) ၁၂-၄-၂၀၁၃ ရက်မှ ၂၇-၄-၂၀၁၃ ရက်အထိ ဖြူးမဟာစည်ရိပ်သာများ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ M.A, Ph.D(Thesis) ဦးဆောင်၍ ဖြူးဆရာတော်၏ တပည့်ဓမ္မကထိက သံဃာတော်များက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်အားထုတ်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်၊ ဓမ္မပူဇာ၊ ဆွမ်းပဒေသာပင်၊ မီး၊ ရေ ဝေယျာဝစ္စ လှူဒါန်းလိုသူများသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၁၇၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၉/B၊ မြေကွက်အမှတ် ၆၁၊ မြေကွက်တည်နေရာ အမှတ်၆၁၊ အကောက်ခွန်(၂)လမ်း၊ ၃၉/ B ရပ်ကွက်၊ ဒဂုံမြောက် ဦးသိန်းဟန် AA-၀၆၉၉၃၈ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းဟန် ကွယ်လွန်သဖြင့် ဂေါ်ကျုတ်တင်(ခ) ဒေါ်ခင်ဦး ၁၂/ကမတ(နိုင်)၀၂၁၀၈၉က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဂေါ်ကျုတ်တင်(ခ) ဒေါ်ခင်ဦး၏ GP အမှတ် $\frac{၂၀၃၀/၁၃}{၅-၂-၁၃}$ ရရှိသူ ဦးဇော်ဝင်းထွန်း ၁၂/မရက(နိုင်)၁၀၄၆၃၀ က အမွေဆက်ခံပိုင်ဆိုင်ကြောင်း အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ (၈)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အထွေထွေအစည်းအဝေးနှင့် အလုပ်အမှုဆောင်ကော်မတီဝင်အသစ် ရွေးချယ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၃ ခုနှစ်၊ ဧပြီ ၂၈ ရက် (တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၁ နာရီ
နေရာ - Inya Lake Hotel (မင်္ဂလာခန်းမ)၊ ရန်ကုန်မြို့

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း
ဖုန်း-၂၁၄၉၄၁၊ ၂၁၄၉၄၅၊ ၀၉-၇၃၀၅၀၇၆၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါခေါ်ရက်	တင်ဒါပိတ်ရက်
၁။	Soda Ash Dense	5000 Tons	8-4-2013	8-5-2013

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရောင်းချဖြန့်ဖြူးရေးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။
(အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၂၉၈)

အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာန(နေပြည်တော်)ရုံးဝင်းအတွင်းတွင် စိုက်ခင်းများရေလောင်းခြင်း၊ ရေဖျန်းခြင်း ဆောင်ရွက်နိုင်ရန်အတွက် ရေပိုက်များ၊ ရေပန်းများပြုပြင်တပ်ဆင်လိုပါသည်။
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၈-၄-၂၀၁၃ ရက်မှ ၂၄-၄-၂၀၁၃ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

မြေတိုင်းဦးစီးဌာန၊ မြို့ပတ်လမ်း၊
ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၄၃၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနရှိ မော်တော်ယာဉ်များတွင် အသုံးပြုရန်အတွက် အောက်ပါစက်ဆီ၊ ချောဆီ (၄)မျိုး ဝယ်ယူလိုပါသည်။

(က) UAE အင်ဂျင်ဝိုင် - ၂ ပီပါ
(ခ) PTT အင်ဂျင်ဝိုင် - ၃၀ လီတာ
(ဂ) Auto ဂီယာဝိုင် - ၃၅ လီတာ
(ဃ) ဘရိတ်ဆီ - ၁၃၀ လီတာ

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၈-၄-၂၀၁၃ ရက်၊ ၂၄-၄-၂၀၁၃ ရက် ညနေ ၃ နာရီနောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

မြေတိုင်းဦးစီးဌာန
မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၀၇၃

ရွှေမင်းကံ သင်္ကြန်တရားစခန်းပွဲ

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်နယ်လှည့် ဓမ္မကထိက (သဒ္ဓမ္မဇောတိကဓဇ) ဆရာတော် ဦးကေသရ (ရွှေမင်းကံ)သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ၄ ရပ်ကွက်၊ ဩဇာလမ်းရှိ မိုးကုတ်ဓမ္မရိပ်သာ ရွှေမင်းကံကျောင်း၌ သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ ၁၂၊ ၁၃ မှ ၁၉ ရက်အထိ ပဋိစ္စသမုပ္ပါဒ်နှင့် ဒိဋ္ဌိဖြုတ်အလုပ်စဉ်၊ သစ္စာလေးပါး တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ပါ၍ စခန်းဝင်လိုသော ယောဂီများ အချိန်မီဆက်သွယ်ကြပါရန်။ **ဖုန်း-၀၁-၈၀၁၀၀၀၁၊ ၀၉-၄၉၃၀၈၆၂၃၊ ၀၉-၄၂၀၀၅၃၆၈၈**

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တပ်ကုန်းမြို့နယ်တရားရုံး
၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၃

ဒေါ်မူမူ **နှင့်** ဒေါ်မိုးမိုး(ခ)မိုးမိုးဆိမ့်
ဒီကရီအနိုင်ရသူ **တရားရှုံး**

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ နယ်မြေ(၁)၊ အိမ်အမှတ်(၈)နေ (ယခုနေရပ်လိပ်စာမသိသူ) ဒေါ်မိုးမိုး(ခ)မိုးမိုးဆိမ့် သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မူမူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂၅ရက် (၁၃၇၅ခုနှစ် တန်ခူးလပြည့်နေ့) နံနက် ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် မတ် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးဝေ)
တွဲဖက်မြို့နယ်တရားသူကြီး၊ တပ်ကုန်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း(၂)၊ ၁၈ လမ်း၊ မြေကွက်အမှတ် ၇၆၈ ရှိ မြေကွက်မှာ ဦးခင်မောင်ညွန့်(ဘ)ဦးဖေ MDYNW -၀၃၆၄၀၈ အမည်ဖြင့် မြို့မြေတိုးချဲ့ရေးကော်မတီ၊ ပျဉ်းမနားမြို့မှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးမြင့်နိုင် ၉/ပမန (နိုင်)၀၀၇၀၆၈ က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်က ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်း ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးစောမဲလ်ဗင်အေးဝေ ၉/ပမန(နိုင်)၀၃၉၁၅၁
အမှတ်-၂၆၃၊ ရွာလယ်လမ်း၊ နယ်မြေ(၉)၊ ရေဆင်း၊ ပျဉ်းမနားမြို့

ဦးသာထွန်းရီ ၆/မအရ (နိုင်)၀၅၁၇၁၇ နှင့်
အများသိသာရန် ထပ်မံအသိပေးကြေညာချက်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ရာပြည့်ရပ်၊ ၄ လမ်း၊ အိမ်အမှတ် ၄၉ နေ ဦးအုန်းတင်၏ သမီးဖြစ်သူ မအေးအေးမူ ၆/မအရ(နိုင်)၁၂၂၁၆၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသူငါသိသာရန် ကြေညာအပ်သည်မှာ-

မအေးအေးမူ၏ ၁၅-၃-၂၀၁၃ ရက် မြန်မာ့အလင်းအချပ်ပို(က)နှင့် ၁၇-၃-၂၀၁၃ ရက် ကြေးမုံသတင်းစာ စာ-၁၉ အများသိသာရန်ကြေညာချက်ကို ဦးသာထွန်းရီ ၆/မအရ(နိုင်) ၀၅၁၇၁၇ ဆိုသူမှ ၂၀၀၆ ခုနှစ်ကတည်းက တောရိုင်းများ ခုတ်ထွင်ရှင်းလင်းပြီး လယ်ယာမြေ စိုက်ပျိုးနေကြောင်းနှင့် ၎င်း၏ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်းမပြုရန် ပြန်လည်အသိပေးကြေညာချက်ပြုလုပ်လာကြောင်း တွေ့ရှိရပါသည်။

သတင်းစာတွင် ဖော်ပြထားသော လယ်ယာမြေကို လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်ကတည်းကပင် ဦးအုန်းဆိုသူ ပိုင်ဆိုင်၍ လုပ်ကိုင်စားသောက်ခဲ့ရာ ယနေ့အထိ သားစဉ်မြေးဆက် လုပ်ကိုင်စားသောက်လာခဲ့ပါသည်။ ဦးအုန်းအမည်ပေါက် မြေပုံနှင့် မြေခွန်ပြေစာများသည် မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့တွင် မှတ်တမ်းရှိပါသည်။

ဦးအုန်းမှာ မြိတ်မြို့ဇာတိဖြစ်ပြီးလျှင် ဦးသာထွန်းရီမှာ ရခိုင်ပြည်နယ် ဇာတိဖြစ်ပါသည်။ ထို့ကြောင့် မူလပိုင်ရှင် ဦးအုန်းနှင့် ဘာမှသွေးသားတော်စပ်ခြင်းမရှိပါ။ ဦးသာထွန်းရီအား သီးစားလုပ်ပိုင်ခွင့်ချထားပေးသည့် မိတ်ဆွေဆိုသည်မှာလည်း ဦးအုန်းနှင့် သွေးသားတော်စပ်ခြင်း မရှိပါ။ ဦးသာထွန်းရီ၏ ကြေညာချက်မှာ မမှန်မကန် ကြေညာနေခြင်းသာဖြစ်ပါကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်သူ	**လွှဲအပ်ချက်အရ**
မအေးအေးမူ	**ဦးဝင်းသန်းဇော် (LL.B)**
၆/မအရ(နိုင်)၁၂၂၁၆၉	**အထက်တန်းရှေ့နေ (စဉ်-၃၁၈၄၉)**
အမှတ်-၄၉၊ (၄)လမ်း၊ ရာပြည့်ရပ်၊	**အမှတ် ၃၄၄၊ ဈေးလမ်း၊ သန်းဖိုရပ်၊**
မြိတ်မြို့	**မြိတ်မြို့**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေကွက်အမှတ် (ဥ-၇၁၉၁)အမည်ပေါက်ပိုင်ရှင် ဦးအောင်ခင်-ဒေါ်ကောင်း ကွယ်လွန်သဖြင့် မြေးဖြစ်သူဒေါ်ဇင်မာဦး ၉/ပမန(နိုင်)၂၀၂၈၃၂အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများတင်ပြပြီး ယနေ့မှစ၍ ၁၄ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း(၂)၊ ၁၈ လမ်း၊ မြေကွက်အမှတ် ၇၇၀ ရှိ မြေကွက်မှာ ဦးအောင်အောင်(ဘ)ဦးအောင်ငြိမ်း ၉/ပမန (နိုင်)၁၄၂၇၆၈ အမည်ဖြင့် မြို့မြေတိုးချဲ့ရေးကော်မတီ၊ ပျဉ်းမနားမြို့မှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးမြင့်နိုင် ၉/ပမန(နိုင်)၀၀၇၀၆၈ က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်က ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ အား ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးစောမဲလ်ဗင်အေးဝေ ၉/ပမန(နိုင်)၀၃၉၁၅၁
အမှတ်-၂၆၃၊ ရွာလယ်လမ်း၊ နယ်မြေ(၉)၊ ရေဆင်း၊ ပျဉ်းမနားမြို့

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၉ ရပ်ကွက်၊ ရေကူးရွာမလမ်း၊ အမှတ်၂၁၆ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၆၄၊ မြေဧရိယာ ၀ ဒသမ ၁၆၀ဧကရှိ ရွာမြေ A [လ/န၃(ခ)]ရပြီး မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ဆွေဦးမှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ (LL.B)	**ဒေါ်လှလှခိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (၄၃၇၃)	**တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**

အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁(A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၄/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၃၈၈၊ မြေကွက်တည်နေရာအမှတ် ၃၈၈၊ မင်းရဲသင်္ခယာလမ်း၊ ၁၄/ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ် ဦးမောင်ခန့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူရရှိသူ ဒေါ်နီလာသန်း ၁၂/ဗဟန(နိုင်)၀၅၈၂၀၇ကပါမစ်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
ဘွဲ့လွန်ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ် ဇွန် ၃ ရက်မှစတင်၍ အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

စဉ်	ဖွင့်လှစ်မည့်ဌာန	ဖွင့်လှစ်မည့်သင်တန်းများ	အခြေခံဘွဲ့လိုအပ်ချက်
၁။	မြို့ပြအင်ဂျင်နီယာ	၁။ Diploma in Structural Engineering	B.E. (Civil)
		၂။ Diploma in Water Resources Engineering	B.E.(Civil)
		၃။ Diploma in Environmental Engineering	B.E. (Civil/Chemical)
		၄။ Diploma in Environmental Planning and Management	All B.E/B.Arch./M.B.,B.S/ B.D.S/M.Sc. (Chemistry)/ M.Sc.(IC)/M.Sc(Zoology)/ M.Sc. (Marine Biology)/ B.Sc. (Forestry/B.Ag.)
		၅။ Diploma in Geotechnical Engineering	B.E. (Civil)
		၆။ Diploma in Transportation Engineering	B.E. (Civil)
		၇။ Diploma in Construction Management	B.E. (Civil)
		၈။ Diploma in Surveying, Remote Sensing and GIS	B.E. (Civil/Mining)/B.Arch./ B.E. (MAEU)/B.E.(MME)/ M.Sc. (Geology)/B.Arch. M.A. (Geography)/ B.Sc. (Forestry)
		၉။ Diploma in Urban Planning and Infrastructure Design	B.E. (Civil)/B.Arch./ M.A. (Geography)
၂။	စက်မှုအင်ဂျင်နီယာ	၁။ Diploma in Renewable Energy Engineering	All B.E.
		၂။ Diploma in Industrial Engineering Technology	All B.E.
၃။	လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ	၁။ Diploma in Renewable Energy System	B.E. (EP,EC), M.Res(Phys), M.S. (Engg:Phys), M.Sc. (Phys)
		၂။ Diploma in Power System Control Engineering	B.E. (EP,EC), M.Res. (Phys), M.S. (Engg:Phys), M.Sc. (Phys)
၄။	မက္ကာထရောနစ်အင်ဂျင်နီယာ	Diploma in Biomedical Engineering Technology	B.E. (IT,EC,Mech.,McE.,EP M.S. (Engg: Physics),M.Sc. (Phy., Specialization in Electronics)
၅။	ဓာတုအင်ဂျင်နီယာ	၁။ Diploma in Food Technology	B.E. (Chemical)/M.B.,B.S/B.V.S/ B(Pharm)/B.Med. Tech/B.Sc(IC)ဘွဲ့ရရှိသူများ၊ အစိုးရဌာနမှ အစာအာဟာရဆိုင်ရာလုပ်ငန်းတွင် အနည်းဆုံးလုပ်သက်(၃)နှစ်ရှိပြီးသော B.Sc (Chemistry)/B.Sc (Zoology)/B.Sc(Botany)/B.Ag ဘွဲ့ရရှိသူများ
		၂။ Diploma in Biomass Energy	B.E. (Chemical)
၆။	ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ	၁။ Diploma in Textile Engineering	B.E. (Textile)
၇။	သတ္တုတူးဖော်ရေးအင်ဂျင်နီယာ	၁။ Diploma in Mine Project Management	B.E. (Mining)
		၂။ Diploma in Environmental Impact Assessment and Environmental Management System	All B.E./B.Arch./M.B.,B.S/ All M.Sc./B.Sc.(Forestry)/B.Ag.
		၃။ Diploma in Geotechnical Engineering for Tunnel Construction	B.E (Mining, Civil)/ M.Sc.(Geology)
၈။	ရေနံအင်ဂျင်နီယာ	၁။ Diploma in Petroleum Engineering	B.E. (Petroleum)
၉။	သတ္တုဗေဒအင်ဂျင်နီယာ	၁။ Diploma in Extractive Metallurgy	B.E. (Met.,Min), B.Sc.(Geol.)
		၂။ Diploma in Adaptive Metallurgy	B.E (Met., Mech.)
		၃။ Diploma in Experimental Archaeometallurgy	B.E (Met.)/B.Sc. (Che.)/ B.A (Archaeology)
၁၀။	ဗိသုကာ	၁။ Diploma in Settlement Planning and Design	B.Arch/B.E. (Civil)
၁၁။	အင်ဂျင်နီယာဘူမိဗေဒ	၁။ Diploma in Engineering Geology	B.Sc (Geology) (Hons.)/ B.Tech (Civil/Min./Pet.)

၂။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်)။

(ခ) ဘွဲ့လိုအပ်ချက်မှာ အထက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်းဖြစ်ပါသည်။ အကယ်၍ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာအင်ဂျင်နီယာဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(မူရင်း)တင်ပြရမည်။

(င) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့် ဆေးရုံမှဆရာဝန်၏ထောက်ခံချက်လက်မှတ်တင်ပြနိုင်ရမည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံသုံးပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်များမှ ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင်ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၃ ရက်(အင်္ဂါနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၆-၅-၂၀၁၃ ရက် (တနင်္လာနေ့)	အင်္ဂလိပ်စာ	နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ
၇-၅-၂၀၁၃ ရက် (အင်္ဂါနေ့)	သက်ဆိုင်ရာဘာသာရပ်	နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ

၆။ ရေးဖြေစာမေးပွဲအောင်စာရင်းကို ၂၀-၅-၂၀၁၃ ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများအား ၂၂-၅-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ဘွဲ့လွန်ဒီပလိုမာသင်တန်း တက်ရောက်ခွင့်ရရှိသူများ၏အမည်စာရင်းကို ၃၁-၅-၂၀၁၃ ရက် (သောကြာနေ့)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၇။ ဘွဲ့လွန်ဒီပလိုမာသင်တန်းအသီးသီး၌ မဟာဘွဲ့သင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီစွာ အောင်မြင်သူများအား ၎င်းဘာသာရပ်တွင် မဟာဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်း၊ ဖုန်း-၀၁-၆၄၂၄၁၃၊ ၀၁-၆၄၂၅၆၀ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
မဟာဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ် ဇွန် ၃ရက်မှစတင်၍ အောက်ဖော်ပြပါ အင်ဂျင်နီယာ၊ ဗိသုကာမဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

အင်ဂျင်နီယာ/ဗိသုကာမဟာဘွဲ့သင်တန်းများ

(က) မြို့ပြအင်ဂျင်နီယာ (Structural Engg: / Water) Resources Engg:/ Geotechnical Engg:/ Transportation Engg:/Construction Management)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) အီလက်ထရောနစ်အင်ဂျင်နီယာ
(င) သုတနည်းပညာအင်ဂျင်နီယာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ
(ဈ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ
(ည) ရေနံအင်ဂျင်နီယာ
(ဋ) သတ္တုဗေဒအင်ဂျင်နီယာ
(ဌ) ဗိသုကာ

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း တစ်နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း တစ်နှစ် စုစုပေါင်းနှစ်နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း (Course Work)ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့်မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ တင်ပြနိုင်ရမည်။)

(ခ) နည်းပညာတက္ကသိုလ်များမှ သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်းတင်ပြရမည်။

(င) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့် ဆေးရုံမှဆရာဝန်၏ထောက်ခံချက်လက်မှတ်တင်ပြနိုင်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံသုံးပုံ၊ မဟာအင်ဂျင်နီယာနှင့် မဟာဗိသုကာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သောနည်းပညာတက္ကသိုလ်များမှ ထောက်ခံချက်မူရင်းနှင့်မိတ္တူတို့ကို တင်ပြရမည်။

၅။ လျှောက်လွှာများကို ၂၀၁၃ခုနှစ် ဧပြီ ၃၀ရက် အင်္ဂါနေ့နောက်ဆုံးထား၍ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်သို့ ကိုယ်တိုင်ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို ထုတ်ပေးမည်။

၆။ လျှောက်လွှာပုံစံများကို ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၆-၅-၂၀၁၃ရက်(တနင်္လာနေ့)	အင်္ဂလိပ်စာ	၉:၀၀ နာရီမှ ၁၂:၀၀ နာရီ
၇-၅-၂၀၁၃ရက်(အင်္ဂါနေ့)	သက်ဆိုင်ရာဘာသာရပ်	၉:၀၀ နာရီမှ ၁၂:၀၀ နာရီ

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၉။ ရေးဖြေစာမေးပွဲအောင်စာရင်းကို ၂၀-၅-၂၀၁၃ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများအား ၂၂-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပြီး မဟာဘွဲ့သင်တန်း တက်ရောက်ခွင့်ရရှိသူများ၏အမည်စာရင်းကို ၃၁-၅-၂၀၁၃ရက် (သောကြာနေ့)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၁၁။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်း-၀၁-၆၄၂၄၁၃၊ ၀၁-၆၄၂၅၆၀တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် Cash Counting Machine အလုံး ၂၀၀ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက် - ၃၀-၄-၂၀၁၃ရက် ညနေ ၄နာရီ**

၃။ အသေးစိတ်အချက်အလက်များကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ စီမံ(ပစ္စည်း)ဌာန ၁/၇၊ လသာလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၄၃၄၊ ၃၈၁၅၃၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်



မြေတိုင်းရပ်ကွက်အမှတ် (၇၈)၊ မြေကွက်အမှတ် (၆၇၀)၊ (၆၇၁)၊ ဒဂုံဆိပ်ကမ်းမြို့နယ်ဟုခေါ်တွင်သော ပါမစ်မြေကွက်နှစ်ကွက်နှင့်ပတ်သက်၍- အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ မြေကွက်အမှတ် (၆၇၀)၊ အကျယ်အဝန်း (အလျားပေ၄၀×အနံပေ၆၀)ရှိ ဦးသောင်းစိန်ဝင်း AH-၀၆၅၆၁၀ အမည်ဖြင့် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှချထားပေးသော ပါမစ်မြေကွက်နှင့် မြေကွက်အမှတ်(၆၇၁)၊ (အလျားပေ၄၀×အနံပေ ၆၀)ရှိ ဦးတင်လှ ၁၂/ဥကမ(နိုင်) ၀၅၀၆၁၈အမည်ဖြင့် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချထားပေးသော ပါမစ်မြေကွက်နှစ်ကွက်အား မြေစာရင်းအမည်ပေါက်သူများထံမှ အရပ်ကတိစာချုပ်ဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ထားပြီး ထိုမြေကွက်နှစ်ကွက်၏ပါမစ်(မူရင်း)များမှာ အမှန်တကယ်ပျောက်ဆုံးနေကြောင်း ဝန်ခံကတိပြုပြောကြားလာသူ ဦးကိုကိုခိုင် ၁၂/ကတတ(နိုင်)၀၁၉၅၇၇ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စကားကမ်းလှမ်းထားပါသည်။

အဆိုပါမြေကွက်နှစ်ကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များ၊ ပါမစ်(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူဇော် (စဉ်-၃၀၉၃၈)
LL.B, D.I.L, WIPO (Switzerland)
အထက်တန်းရှေ့နေ
အမှတ် ၁၆၈၊ ပထမထပ်(ယာ)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၉-၇၃၂၅၅၂၂၃၊ ၀၁-၃၈၈၆၉၃

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၃-၂၀၁၃ရက် ဤသတင်းစာ၏ စာမျက်နှာ(ဂ)တွင်ပါရှိသော လသာမြို့နယ်မှ ဒေါ်ညွန့်ညွန့်လွင်အမည်ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်အစား အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြေနီကုန်းရပ်ကွက်၊ အကွက်အမှတ် ၆၁/က၊ ဦးပိုင်အမှတ် ၉/က၊ ဧရိယာ ၀ ဒသမ ၀၈၄ ဧကအနက် ၀ ဒသမ ၀၅၄ဧကရှိ ဒေါ်သက်ရှေအမည်ပေါက် DROP No ၂၇/၃၉-၄၀ဖြင့် (၁၀)နှစ်အငှားဂရန်ရရှိထားသောအငှားစာချုပ်သည် နှစ်ကာလကြာမြင့်နေပြီးဖြစ်၍ စာချုပ်ပျောက်ဆုံးနေသည့် အဆိုပါမြေအား ဒေါ်အေးမြင့်က ဝယ်ယူထားပြီး ၎င်းအမည်ဖြင့် အငှားဂရန်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိက ကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးထံ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက်(၈၈)နှစ်

သူငယ်ချင်း ဒေါက်တာရဲထွဋ်ဦး(ကလေးအထူးကုဆရာဝန်၊ ပခုက္ကူဆေးရုံကြီး)၏ ချစ်လှစွာသောဖခင်ကြီး ဦးမောင်ခိုင်(အုတ်ဖို)သည် ၃-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ည၁၀း၅၀နာရီတွင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းတို့မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေး(၂)၊ ၁၉၈၂ (နိုဝင်ဘာ)
(INTAKE) မှ သူငယ်ချင်းဆရာဝန်များ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား ရဟန်း ကျောင်းဒါယိကာမကြီး
ဒေါ်ခင်လေးနု(ခ) Winnie Kalay
ကထိက(ငြိမ်း)၊ မိဘဦးလေးဆရာအတတ်သင်ကောလိပ်
အသက်(၇၆)နှစ်

ရန်ကုန်မြို့ အမှတ်(၄၂)၊ ဦးကျော်လှလမ်းသွယ်(၃)၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်လေးနု အသက်(၇၆)နှစ်သည် ၂-၄-၂၀၁၃(အင်္ဂါနေ့) နံနက် (၅)နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝင်းနိုင်ကုမ္ပဏီလီမိတက်

တစ်ဦးတည်းဖြစ်ပါကြောင်း
လှိုင်မြို့နယ်၊ ICEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10(A)တွင် ပညာသင်ကြားနေသော ဦးဟန်ထွန်းအေး ၁၃/တကန(နိုင်)၀၀၀၂၄၇၏သမီး မနန်းဖောင်းမြတ်သီရိထွန်းနှင့် မနန်းဖောင်းဖောင်းကောင်းကင်မှာ တစ်ဦးတည်း ဖြစ်ပါသည်။

ဖခင်တစ်ဦးတည်းဖြစ်ကြောင်း
[illegible]

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်တိုင်းဒေသကြီး၊ သဃ်င်္န်းကျွန်းမြို့နယ်၊ စရည်းပင်လမ်း၊ လူနေရပ်ကွက်အမှတ်-သုဝဏ္ဏ၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊ မြေကွက်အမှတ် ၂၂၇၊ ဧရိယာ ၅၇၂၂ စတုရန်းပေ၊ ၀ ဒသမ၁၃၁ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ခိုင်ခိုင် (စီရျေ-၀၄၅၉၇၄)၊ ၁၂/ရကန(နိုင်)၀၅၀၈၄၈ မှ အမည်ပေါက်ပိုင်ဆိုင်သော ပစ္စည်းဖြစ်ပြီး ၎င်းတစ်ဦးတည်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှိုင် LL.B ဒေါ်ခင်မာနွယ် LL.B, D.B.L ဒေါ်ချွေးချွေးဝင်း LL.B, D.I.L
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ ခင်ပွန်း ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး (၁)နှင့် ဝန်ထမ်းမိသားစု
တည်ဆောက်ရေး(၈)၊ ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက် (၈၈)နှစ်

မကွေးမြို့၊ တည်ဆောက်ရေး (၈)၊ ဆည်မြောင်းဦးစီးဌာနမှ ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး)-ဒေါ်မိမိခိုင် တို့၏ဖခင် ဦးမောင်ခိုင်(အုတ်ဖို)သည် ၃-၄-၂၀၁၃ရက် ည ၁၀း၅၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
ရေအားလျှပ်စစ်ဌာနခွဲ (၁)
ဆည်မြောင်းဦးစီးဌာန၊ မင်းဘူးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ ခင်ပွန်း ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးရုံးနှင့် ဝန်ထမ်းမိသားစု
တည်ဆောက်ရေး(၈)၊ မကွေးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက် (၈၈)နှစ်

မကွေးမြို့၊ တည်ဆောက်ရေး (၈)၊ ဆည်မြောင်းဦးစီးဌာနမှ ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး)-ဒေါ်မိမိခိုင် တို့၏ဖခင် ဦးမောင်ခိုင်(အုတ်ဖို)သည် ၃-၄-၂၀၁၃ရက် ည ၁၀း၅၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
ရေအားလျှပ်စစ်ဌာနခွဲ (၁)
ဆည်မြောင်းဦးစီးဌာန၊ မင်းဘူးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး)-ဒေါ်မိမိခိုင် တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ
တည်ဆောက်ရေး(၃)
ဆည်မြောင်းဦးစီးဌာန၊ မကွေးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး)-ဒေါ်မိမိခိုင် တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး(စက်မှု)နှင့် အရာထမ်းဝန်ထမ်းများ
စက်မှုတိုင်း (၃)
ဆည်မြောင်းဦးစီးဌာန၊ မကွေးမြို့

ကျေးဇူးအထူးတင်ရှိခြင်း
၂၇-၃-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)ည ၇း၂၅ နာရီတွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး(တုက္ကျွန်းဇမ္ဗူအောင်ဇောဓိစေတီတော် ဘုရားဒါယကာကြီး) ဦးတင်မောင်(စာရေးဆရာ-ကရမက်)ပုသိမ်၏ နာရေးကိစ္စတွင် ခုနစ်ရက်တိုင်တိုင် တရားရေအေးတိုက်ကျွေးပေးသော အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာတိုက်သစ်ဆရာတော်ကြီးနှင့် မော်ဘီမြို့ သံဃာ့ဝန်ဆောင်ကျောင်းတိုက် ဆရာတော်၊ သံဃာတော်များ၊ နာရေးကိစ္စတွင် လှူဖွယ်ဝတ္ထုအစုစု ကောင်းမှုပြုလုပ်ပေးကြသူများ၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသူများ၊ ဝမ်းနည်းကြောင်းမှတ်တမ်းတင်ကြသူများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့် နှစ်သိမ့်အားပေးခဲ့ကြသူများ၊ နာရေးကိစ္စအဝဝချောမွေ့စွာပြီးမြောက်အောင် အကူအညီပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေ၊ ရပ်ကွက်သူ ရပ်ကွက်သားအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးဝင်းထူး၏ ကယားငွေကြယ်ကုမ္ပဏီ၏ သွင်းကုန်ထုတ်ကုန်လိုင်စင် တသက-၁၈၉၉၄ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၇၃၁၅၅၁၀၉၊ ၀၉-၂၀၁၀၆၄၂**

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တနန္ဒိယ
သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၆၄)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ရဲမအုအုပ်စု၊ ဆားတောင်ကြီးကျောင်း ဆရာတော်ကြီးသည် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်) ၃၁-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော် မူသွားပါကြောင်း ရပ်နီးရပ်ဝေးရှိ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြား သိစေအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ ခင်ပွန်း ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု)နှင့် ဝန်ထမ်းမိသားစု
တည်ဆောက်ရေး (၈)၊ ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ ခင်ပွန်း ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး -၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဇော်မင်းနိုင်(ဒု-ညွှန်ကြားရေးမှူး)ဇနီး ဒေါ်ခင်လေးနိုင် မိသားစု
တည်ဆောက်ရေး(၈)၊ ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ ခင်ပွန်း ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး -၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးနီထွန်း(လက်ထောက်ညွှန်ကြားရေးမှူး)နှင့်ဇနီးဒေါ်မွန်မွန်မြင့်
တည်ဆောက်ရေး (၈)၊ ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ ခင်ပွန်း ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး -၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး (၂)နှင့် ဝန်ထမ်းမိသားစု
တည်ဆောက်ရေး(၈)၊ ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ ခင်ပွန်း ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး -၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး (၃)နှင့် ဝန်ထမ်းမိသားစု
တည်ဆောက်ရေး(၈)၊ ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက်(၈၈)နှစ်

ညွှန်ကြားရေးမှူး(တည်ဆောက်ရေး-၈) ဦးဝင်းနိုင်-ဒေါ်မိမိခိုင်တို့၏ ကျေးဇူးရှင်ဖခင်သည် ၃-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း(၁)နှင့်ဝန်ထမ်းများ
ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ခိုင်(အုတ်ဖို)
အသက်(၈၈)နှစ်

ညွှန်ကြားရေးမှူး(တည်ဆောက်ရေး-၈) ဦးဝင်းနိုင်-ဒေါ်မိမိခိုင်တို့၏ ကျေးဇူးရှင်ဖခင်သည် ၃-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း(၂)နှင့်ဝန်ထမ်းများ
ဆည်မြောင်းဦးစီးဌာန၊ တောင်ငူမြို့

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးမြင့်မော်- ဒေါ်မြိုင်မြိုင်ခင် တို့၏မိခင် ဒေါ်တင်ရီသည် ၁-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုကဲ့သို့ ဝမ်းနည်းကြေကွဲရပါသည်။

တင်မောင်ကြည်- အေးကေခိုင်
ဖိုးလပြည့်၊ ဖိုးလမင်း၊ ဟတ်ချီပိုး

စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်း
ကျွန်မ မအေးမို့မို့ဇော် ၁၂/သဃက(နိုင်) ၁၅၈၉၈၂ နှင့် မောင်ဘိုဘိုညွှန့် ၁၂/သဃက(နိုင်) ၀၄၁၇၄၁ တို့သည် ၆-၁-၂၀၁၃ ရက်တွင် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းခဲ့ပါသည်။ ယခုအခါ စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မအေးမို့မို့ဇော်
၁၂/သဃက(နိုင်)၁၅၈၉၈၂

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်နုနုကြည်(B.Ed-74)အထပြ(ငြိမ်း)၊ အထက(၁)၊ ရွှေဘိုမြို့သည် ၁-၂-၂၀၁၃ရက်(သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း မြင့်မြတ်ရာဘုံဘဝသို့ ရောက်ပါစေ-

(၁၉၆၉-၁၉၇၄)ပညာရေးဘွဲ့ရသူငယ်ချင်းများ
ရန်ကုန်ပညာရေးတက္ကသိုလ်

တောင်စွယ်တောင်တန်းကြားမှ နေချင့်စဖွယ် မြို့တာချီလိတ်

မောင်ယဉ်ကျေး - တာချီလိတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ဒေသ လွယ်တော်ခမ်းကျေးရွာအုပ်စုအတွင်း တောတောင်များကို ဖြတ်သန်းစီးဆင်းလာသော မယ်ဆိုင်ချောင်းနှင့် နမ့်ဖလောက်ချောင်းတို့ ဆုံစည်းရာနေရာလေးတွင် မတ်လကုန် ဧပြီလဆန်းသည်နှင့် သက်ငယ်မိုးဝါးတဲလေးများဖြင့် အနားယူအပန်းဖြေစရာ စားသောက်ဆိုင်လေးတွေ အစီအရီပေါ်ထွန်းလို့လာချေပြီ။ (အောက်ပုံ)

ထိုနေရာလေးသည် တောရိပ်တောင်ရိပ်ကြောင့် စိမ်းလန်းသာယာသော နေရာလေးတစ်ခုဖြစ်သကဲ့သို့ မယ်ဆိုင်ချောင်းရေကြည်ကြည်ကလည်း အေးမြလှပေသည်။ ယခင်ကမူ ယခုကဲ့သို့ စားသောက်ဆိုင်တန်းလေးများ မပေါ်ပေါက်သေး၊ နွေပူရှိန်ကို ရှောင်လွှဲလိုကြသော တာချီလိတ်သားများ မိသားစုအလိုက်၊ အပေါင်းအသင်းအစုအဖွဲ့လေးများအလိုက် ရေချိုးရင်း၊ ရေကစားရင်း ပျော်ပွဲစားထွက်ကြရာမှ တဖြည်းဖြည်းစည်ကားလာကာ စားသုံးသူတို့၏ လိုအပ်ချက်အရ အနားယူစရာတဲတန်းလေးများနှင့် စားသောက်ဆိုင်ကလေးများ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရပေတော့သည်။ ထိုအနားယူစခန်းလေးကား တာချီလိတ်သကြ်္ကန်၏ အမှတ်သင်္ကေတတစ်ခုအဖြစ် ဝင့်ဝင့်ထည်ထည် ရပ်တည်လာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုပင် ကျော်လွန်လို့လာခဲ့ချေပြီ။ ပုန်းထွန်ချောင်းဟု ဒေသအခေါ်ဖြင့် ထင်ရှားသော ထိုအနားယူ အပန်းဖြေစခန်း၏ အထင်ကရဖြစ်သော သင်္ဘောသီးထောင်း၊ ငါးကင်၊ ဝက်အူကင်၊ မုယောသုပ်၊ ကောက်ညှင်းပေါင်းများကို အဖျော်ယမကာများ၊ အအေးများဖြင့် အနားယူအပန်းဖြေစားသောက်ကြ၊ မယ်ဆိုင်ချောင်းအတွင်း ရေကစားကြဖြင့် သာယာစည်ကားသော ထိုနေရာလေးကား အိမ်နီးချင်း ထိုင်းနိုင်ငံမှ ပြည်သူများပင် တကူးတက လာရောက်အပန်းဖြေအနားယူကြသည်အထိ ထင်ပေါ်ကျော်ကြားလို့ လာခဲ့ချေပြီ။ အထူးသဖြင့် သကြ်္ကန်ပွဲတော်ကာလကား လူအစည်ကားဆုံးဖြစ်ကာ ရုံဖန်ရံခါ ကားလမ်းပိတ်ဆို့သည်အထိ ကား၊ ဆိုင်ကယ်တို့ ပြည့်ကျပ်နေပေတော့သည်။ “ပုန်းထွန်ချောင်းသကြ်္ကန်ဟာ အလွန်စည်ကားတဲ့ ပွဲတော်တစ်ခုဖြစ်ပါတယ်။ ပွဲတော်အတွင်း လုံခြုံရေး အစီအမံတွေ၊ ကယ်ဆယ်ရေး အစီအစဉ်တွေကို စနစ်တကျပြင်ဆင်ထားပါတယ်။ ချောင်းကြမ်းပြင်ကိုလည်း ပွဲတော်ကာလအတွင်း အန္တရာယ်ကင်းရှင်းစေအောင် အမှိုက်သရိုက်တွေ၊ ပုလင်းကွဲတွေကို ဖယ်ရှားရှင်းလင်းထားပြီး သဲခင်းပေးထားပါတယ်။ ရေနက်တဲ့၊ အန္တရာယ်ရှိနိုင်တဲ့ နေရာတွေကိုလည်း အတားအဆီးတွေလုပ်ပေးထားသလို သတိပေးဆိုင်းဘုတ်တွေကိုလည်း မြင်သာတဲ့ နေရာတွေမှာ ချိတ်ဆွဲပေးထားပါတယ်။ အရေးအကြောင်းတစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ရင်လည်း ချက်ချင်းကယ်ဆယ်ရေး လုပ်နိုင်ဖို့အတွက် အသက်ကယ်ဗောကွင်းတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာတွေ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားပါတယ်”ဟု တာချီလိတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းဦးက မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

အိုပါဂမ်းနမ်းစတိုင်လ်တေးသံများ၊ တူးပို့တူးပို့သကြ်္ကန်တေးသံများ၊ ဟစ်ဟော့တေးသံများ ဖုံးလွှမ်းနေကာ မိသားစုအလိုက် ပျော်ရွှင်စွာ စားသောက်ကြ၊ ကခုန်ကြ၊ ရေကစားကြ၊ ဒိုင်ဗင်ထိုးနေကြသူများဖြင့် ပျော်ရွှင်စည်ကားနေသော ဒေသအခေါ် ပုန်းထွန်ချောင်းဟု ထင်ရှားကျော်ကြားလှသည့် အဆိုပါ အပန်းဖြေစခန်းလေးသို့ တစ်ခါတစ်ခေါက် လာရောက်လည်ပတ်ရင်း လတ်ဆတ်သန့်ရှင်းစွာဖြင့် စီမံချက်ပြုတ်ထားသည့် ရှမ်း-အာခါ-လားဟူ ဒေသအစားအစာများကို သုံးဆောင်နိုင်ကြပါကြောင်း ဖိတ်ခေါ်ရေးသားလိုက်ရသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရွှေကျင်မြို့၌ စမ်းသပ်သန်းခေါင်စာရင်းကောက်

ရွှေကျင် မေ ၇

ပဲခူးခရိုင် ရွှေကျင်မြို့နယ် ကံဘေးအိုင်ကျေးရွာအုပ်စုတွင် မတ် ၃၀ ရက်မှစတင်၍ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်လဝက ဦးစီးအရာရှိ ဦးခင်မောင်မြင့်က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ မေ ၄ ရက်က ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဌေး(တိုင်းဒေသကြီး လဝကဦးစီးမှူး)နှင့် ခရိုင်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦး (ခရိုင်လဝကဦးစီးမှူး)တို့သည် မြို့နယ်နှင့် ကံဘေးအိုင်ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ စာရင်းစစ် စာရင်းကောက်ဆရာ ဆရာမများအားတွေ့ဆုံပြီး စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

မိုးကောင်း၌ ဓာတ်အားခွဲရုံများ မီးဘေးလုံခြုံရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

မိုးကောင်း မေ ၇

မိုးကောင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာဦးထူးလှိုင်ထွန်းနှင့် ဝန်ထမ်းများသည် မိုးကောင်းမြို့တွင် လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုချက်ဖြင့် ထရန်စဖော်မာအသစ်များ တိုးချဲ့တပ်ဆင်ပေးထားပြီး ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် လျှပ်စစ် စစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဓာတ်အားခွဲရုံများ မီးဘေးလုံခြုံရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၆၂)

မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

တောင်ကြီး မေ ၇

သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် မီးသတ်ပညာပေးဆွေးနွေးဟောပြောပွဲ လက်တွေ့သရုပ်ပြခြင်းတို့ကို မေ ၅ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးရှေ့ကွင်းပြင်၌ ကျင်းပရာ တောင်ကြီးခရိုင် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးအောင်သူက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေး၊ သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးတို့ကို ပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် စည်ပင်သာယာရေးဝန်ထမ်းများနှင့် မီးသတ်ဝန်ထမ်းများက မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြလေ့ကျင့်ကြကြောင်း သိရသည်။

(စိုင်းသက်နိုင်-တောင်ကြီး)

မေတ္တာရပ်ခံချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တွင်း၌ ယာဉ်ရပ်နားကန့်သတ်ဇုန်ဖြင့် ယာဉ်ရပ်နားခကောက်ခံခြင်း၊ မြို့နယ်အချို့တွင် ယာဉ်စောင့်လုပ်ငန်းကောက်ခံခြင်းနှင့် ပုဂ္ဂလိကအိမ်ခန်းများရှေ့တွင် အခွန်ပေးဆောင်၍ ကိုယ်ပိုင်ယာဉ်ရပ်နားရန်နေရာများ ခွင့်ပြုပေးခြင်းတို့ကို ၂၀၁၃ခုနှစ် မတ် ၃၁ရက်အထိ ခွင့်ပြုပေးခဲ့ပါသည်။

၂။ ယခုအခါ ရန်ကုန်မြို့တွင် တိုးတက်များပြားလာသည့် ယာဉ်စီးရေများကြောင့် ယာဉ်ကြောကျပ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့်အပြင် အသုံးပြုသူအချို့၏ စည်းကမ်းမဲ့စွာရပ်နားခြင်းများကြောင့် လမ်းနယ်နိမိတ်အား အပြည့်အဝအသုံးပြုမရသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့နယ်အသီးသီးတွင် မြေနေရာရရှိမှုအပေါ်မူတည်ပြီး ယာဉ်ရပ်နားရန်နေရာများ တိုးချဲ့ဖော်ထုတ်ပေးလျက်ရှိသည့်အပြင် ၂၀၁၃ ခုနှစ် မေ ၁ရက်မှစ၍ ယာဉ်ရပ်နား ကန့်သတ်ဇုန်ဖြင့် ယာဉ်ရပ်နားခကောက်ခံခြင်း၊ ယာဉ်စောင့်လုပ်ငန်းအဖြစ်ကောက်ခံခြင်းနှင့် ကိုယ်ပိုင်ယာဉ်ရပ်နားနေရာများအဖြစ် ရယူထားခြင်းတို့ကို အားလုံးဖျက်သိမ်းပြီး အများပြည်သူ မည်သူမဆို အခမဲ့ယာဉ်ရပ်နားရန် နေရာများအဖြစ် အသုံးပြုရန် ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ မော်တော်ယာဉ်အသုံးပြုသူများအနေဖြင့် ယာဉ်ရပ်နားရာတွင် မိမိတစ်ဦးတည်းအဆင်ပြေစေရန်အပြင် ကျန်အသုံးပြုလိုသူများအားလုံး အဆင်ပြေချောမွေ့စွာ ရပ်နားနိုင်ရေးအတွက် စည်းကမ်းစနစ်တကျ အသုံးပြုခြင်းဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

တိုက်ခန်းငှားရန်

၁။ အနော်ရထာလမ်းမ၊ ကျောက်တံတားမြို့နယ်၊ သုံးလွှာထောင့်ခန်း၊ ၂၂ပေ×၄၅ပေ HALL၊

၂။ ဘုရင့်နောင်လမ်းမတန်း အေးရိပ်မွန်အိမ်ရာ၊ မြေညီ၊ အစွန်ခန်း၊ ၁၅ပေ×ပေ၆၀ HALL

ဖုန်း-၅၁၉၄၇၂၊ ၀၉-၄၃၅၅၀၅၅၀၊ ၀၉-၅၁၅၆၀၈၀

အမည်ပြောင်း

လားရှိုးမြို့၊ ရပ်ကွက် ၁၂၊ နယ်မြေ ၂၀နေ ဦးကျော်သိန်း၏သမီး မသက်မျိုးအေး ၁၃/လရန(နိုင်)၁၂၉၆၅၄အား မအေးမြင့်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကမ်းနားလမ်းသစ်အား ဖြတ်သန်းသွားလာမည့် ယာဉ်များအတွက် လမ်းအသုံးပြုခအား ၂၀၁၃ခုနှစ် မေ ၁ရက်မှစ၍ အောက်ပါနှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်ပါသည်။

(က) ၁၄ ပေနှင့်အောက် ယာဉ်များ ၁၅၀၀/-နှုန်း

(ခ) တန် ၂၀နှင့်အထက် ကုန်တင်ယာဉ်များ ၄၀၀၀/-နှုန်း

၂။ အထက်ပါအတိုင်း ကောက်ခံခြင်းသည် နံနက် ၆နာရီမှ နောက်တစ်နေ့နံနက် ၆ နာရီအထိ ၂၄း၀၀ နာရီအချိန်အတွင်း ယာဉ်တစ်စီးလျှင် (၁)ကြိမ်သာ ကောက်ခံမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်းနှင့် ရွှေဂုံ(လင့်လမ်း)ထောင့်ရှိ ဧရိယာ ၂ ဒသမ ၂၀၇ဧကကျယ်ဝန်းသော ရွှေဂုံအိမ်ရာစခန်းအား ခေတ်မီမြို့ပြဖွံ့ဖြိုးရေးအိမ်ရာစီမံကိန်းအဖြစ် ပြန်လည်ဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအတွက် ပြည်တွင်း နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၃၀-၄-၂၀၁၃ ရက်နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို ရုံးအမှတ် (၄၀)၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းကြရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၂၀၃၁၂နှင့် ၀၆၇-၄၀၇၅၄၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

တင်ဒါရွေးချယ်ရေး ဦးစီးကော်မတီ

ထားဝယ်အသင်း

ထားဝယ်ရိုးရာသကြ်္ကန်(ရေးဇီမှန်း)ပွဲ ဖိတ်ကြားလွှာ

ထားဝယ်အသင်း၏ ထားဝယ်ရိုးရာသကြ်္ကန် (ရေးဇီမှန်း)ပွဲကို ၂၀၁၃ခုနှစ် မေ ၁၃ရက် (သင်္ကြန်အကြိုနေ့) နံနက် ၇နာရီမှ နံနက် ၁၀နာရီအထိ ထားဝယ်အသင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ၊ ထားဝယ်သူ ထားဝယ်သားများ၊ မိတ်ဆွေသင်္ဂဟများ ကြွရောက်အားပေးချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်ကော်မတီ၊ ထားဝယ်အသင်း

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)

(၇၈)ကြိမ်မြောက် မြောင်းမြမြို့နယ်လုံးဆိုင်ရာ သံဃာဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြောင်းမြမြို့နယ်အသင်း ရန်ကုန်မှဦးဆောင်၍ မြောင်းမြမြို့သို့ သွားရောက်ဆွမ်းလောင်းလှူမည်ဖြစ်ရာ ကိုယ်တိုင်သွားရောက်လှူဒါန်းလိုသူများနှင့် ကိုယ်တိုင်မသွားရောက်နိုင်သော်လည်း လှူဒါန်းလိုသူများသည် အောက်ပါအမှုဆောင်များနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ လိုက်ပါသူများသည် အသင်းမှစီစဉ်ထားသောကား၏ ကားလက်မှတ်များကို တစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ကြိုတင်ဝယ်ယူနိုင်ပါသည်။

၁၆-၄-၂၀၁၃ရက် -နံနက် ၇ နာရီတွင် ရန်ကုန်မှမြောင်းမြသို့ ရေတာရှည်လမ်းဟောင်း မြောင်းမြဒေါ်ချိုမုန့်ဟင်းခါးဆိုင်မှ စတင်ထွက်ခွာပါမည်။

၁၇-၄-၂၀၁၃ရက် -ညဝနာရီတွင် မြောင်းမြပြည်သူ့ဆေးရုံရှေ့မှ ရန်ကုန်သို့ပြန်လည်ထွက်ခွာပါမည်။

ဆက်သွယ်ရန် -ဦးဝင်းကြည် (ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၇၃၀၇၄ မြောင်းမြမြို့နယ်အသင်း
ဦးတိုးမြင့် တွဲ/အတွင်းရေးမှူး ဖုန်း- ၀၁-၅၈၀၁၃၀ မြောင်းမြမြို့နယ်အသင်း
ဒေါ်သန်းမြင့် ဘဏ္ဍာရေးမှူး ဖုန်း-၀၁-၅၂၆၁၆၈
ဒေါ်မြင့်မြင့်သန်း တွဲ/ဘဏ္ဍာရေးမှူး ဖုန်း-၀၉-၅၀၉၄၉၁၁၊၀၁-၅၄၈၅၀၁

အလုပ်အမှုဆောင်အဖွဲ့
မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၃-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာမျက်နှာ ၁၂ပါ ကုန်အမှတ်တံဆိပ်များနှင့်စပ်လျဉ်း၍ အများသိစေရန် ကြေညာခြင်းတွင် ဧရာရွှေလီကုမ္ပဏီလီမိတက်အစား ဧရာရွှေလီမြစ် ကုမ္ပဏီလီမိတက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဦးဇော်ဝင်းနိုင် ဒေါ်အေးပွင့်ဖြူ၊ ဒေါ်ကြည်ကြည်ထွေး
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ်၁၇၊ လေးလွှာ၊ မလွကုန်းလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၂၀၁၆၉၉၈၊ ၀၉-၇၃၀၅၅၅၇၀

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဗောဓိညောင်ပင်နှင့် အုန်းပင်တို့မှ အပင်ငယ်များ ထပ်ဆင့်ပေါက်

ပဲခူး ဧပြီ ၇

ပဲခူးတိုင်းဒေသကြီး ပဲခူးဥသျှောင်မြို့သစ်အတွင်း သီရိစန္ဒာဆုတောင်းပြည့်စေတီတော် ပရိဝုဏ်အတွင်း၌ ပူဇော်ထားသည့် တင်ပျဉ်ခွေပုံတော်တစ်ဆူသည် သက်တမ်း ၁၆ နှစ်ရှိ ဗောဓိညောင်ပင်နှင့်ကပ်လျက် တည်ရှိနေရာမှ သက်တမ်းကြာမြင့်လာခြင်းကြောင့် ဆင်းတုတော်မှာ ဗောဓိညောင်ပင်အတွင်းသို့ ဝင်လျက်ရှိနေပြီး ညောင်ပင်ကြီးအောက်ခြေ၌ ညောင်ပင်ငယ်တစ်ပင် ပေါက်လျက်ရှိကာ ညောင်ပင်ငယ်၏ ညောင်ရွက်တစ်ရွက်သည် အလျား ၁၂ လက်မ၊ အနံ ရှစ်လက်မခန့်ရှိသည်ကို တွေ့ရသည်။

အဆိုပါ ပရိဝုဏ်အတွင်းတွင် အမြင့် ၁၆ ပေခန့် အုန်းပင်ပေါ်၌လည်း အုန်းပင်ငယ်တစ်ပင် ပေါက်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ စေတီတော်ပရိဝုဏ်မြေကို လွန်ခဲ့သည့် ၁၆ နှစ်ခန့်က သာသနာ့နယ်မြေအဖြစ် သတ်မှတ်ခဲ့ကာ သာသနာပြုရန် သုခရတနာကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနကက ရှင်းလင်းခဲ့ပြီး ထိုမြေပေါ်၌ ဆင်းတုတော်များနှင့် တင်ပျဉ်ခွေပုံတော်တစ်ဆူ တွေ့ရှိခဲ့ပြီး ဆရာတော်က ကျောင်းဝင်းအတွင်း သီရိစန္ဒာဆုတောင်းပြည့် စေတီတော်မြတ်အား တည်ထားခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ညောင်ပင်ငယ်နှင့် အုန်းပင်ငယ်များကို လာရောက်ကြည့်ရှုသူပရိသတ် များပြားလျက်ရှိကာ လွန်ခဲ့သည့်ရက်ပိုင်းကလည်း ကျောင်းဒကာတစ်ဦး၏ နွားမကြီးက ကျောင်းဝင်းအတွင်းရှိ ခွေးငယ်လေးများအား နို့တိုက်ကျွေးနေကြောင်း သိရှိရသည်။

သုလင်း(ဟံသာမြေ)

မူဆယ်တွင် လုယက်မှုဖြစ်ပွားခဲ့

မူဆယ် ဧပြီ ၇

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့ အမှတ်(၁)စည်ပင်သာယာမြို့မဈေးကြီးအပေါ်ထပ် (ရွှေလင်းရောင်ရွှေဆိုင်)တွင် ဧပြီ ၁ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်ခန့်က လုယက်မှုဖြစ်ပွားခဲ့ရာ ရွှေဆိုင်သို့ အမည်မသိ မျက်နှာဖုံးစွပ်နှင့်လူသုံးဦး (သေနတ်တိုနှစ်လက်ပါ)က ရွှေဆိုင်အတွင်းသို့ ဝင်ရောက်ပြီး ကောင်တာအတွင်းမှ ရွှေဆွဲကြိုးအကုံး ၂၀၀ခန့်၊ အခြားရွှေထည်ပစ္စည်းများနှင့် ရွှေမှန်ကောင်တာအံဆွဲအတွင်းရှိ ငွေကျပ်သိန်း ၅၀ ခန့်တို့ကို ယူဆောင်ထွက်ပြေးသွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် အဆိုပါ လူသုံးဦးသည် တစ်ဖက်(တရုတ်)နိုင်ငံသို့ ထွက်ပြေးသွားပြီး ၄င်းတို့ စီးနင်းလာသော ဆိုင်ကယ်တစ်စီးသည် မြစ်ဆိပ်တွင် ကျန်ရှိခဲ့ကြောင်းနှင့် ထွက်ပြေးသွားသူများကို ဖမ်းမိနိုင်ရေးအတွက် တစ်ဖက်နိုင်ငံမှ ကျယ်ဂေါင်ရဲတပ်ဖွဲ့သို့ ခရိုင်ရဲမှူးက ဆက်သွယ်ဆောင်ရွက်ထားကြောင်း သိရှိရသည်။

အယ်လ်စိုး

ကုန်တင်ရထားတွဲပေါ်မှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

မိုးကောင်း ဧပြီ ၇

မိုးကောင်းမြို့နယ် သစ်တောဦးစီးဌာနနှင့် မိုးကောင်းဘူတာမှ ဝန်ထမ်းများ၊ မိုးကောင်းရဲစခန်းနှင့် ရထားရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဧပြီ ၂ ရက် မွန်းလွဲ ၁ နာရီခန့်က မိုးကောင်းဘူတာသို့ ဆိုက်ရောက်လာသော အမှတ်(၉၁၉) မန္တလေး-မြစ်ကြီးနား အဆန်ကုန်ရထားတွဲအမှတ် BBEZ 10536 ကို တွဲဖွင့်စစ်ဆေးရှာဖွေရာ တရားမဝင် ကျွန်းခွဲသား၊ ကျွန်းတံခါးနှင့် ကျွန်းပရိဘောဂအစိတ်အပိုင်းမျိုးစုံ ၈၃၅ ချောင်း (၆ ဒသမ ၁၀၉တန်)တွေ့ရှိသိမ်းဆည်းရမိသဖြင့် တရားမဝင်သစ်များ လက်ခံသယ်ဆောင်လာသူ ရထားထိန်း ဦးခင်ဇော် (၄၉ နှစ်) ဘူတာနယ်မြေ ကောလင်းမြို့နေသူအား မိုးကောင်းရဲစခန်းက သစ်တောဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ပိုင်ရှင်ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၆၂)

မီးဘေးအန္တရာယ်ရှိသော လောင်စာဆီဆိုင်များအား မြို့ပြင်တွင် စနစ်တကျရောင်းချရန်ကြပ်မတ်

လင်းခေး ဧပြီ ၇

